# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၄၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ တနင်္လာနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မက္ကဆီကိုနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ အန်ရစ်ခ် ပီညာ နီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီယဉ်ကျေးမှုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တည်ဆောက်ဖော်ဆောင်ရန် အားလုံး၏တာဝန်ပင်ဖြစ်

နေပြည်တော် စက်တင်ဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ (၂၀၁၃) အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။**

**အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခါသမယတွင် မြန်မာပြည်သူပြည်သားများအနေဖြင့် ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ဒီမိုကရေစီအပြောင်းအလဲဖော်ဆောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်၍ ဒီမိုကရေစီ၏ အနှစ်သာရများကို အပြည့်အဝရရှိခံစားနိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးတွင် ဒီမိုကရေစီစနစ်ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ အစိုးရများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို မြှင့်တင်ပေးရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်နိုးကြားနေစေရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ် မြှင့်တင်ကျင့်သုံးမှုကို လက်ရှိအခြေအနေတွင်သာမက အနာဂတ်တွင်လည်း အစဉ်အမြဲလုပ်ဆောင်ရန် လိုအပ်ကြောင်း သတိပေးသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပရန် အတည်ပြုသတ်မှတ်ခဲ့ပါသည်။

**ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားရေး ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းအားထုတ်မှုများဖြင့် မိမိတို့၏ လူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်နေ။**

ဒီမိုကရေစီဆိုသည်မှာ မိမိတို့လူ့ဘောင်အဖွဲ့အစည်း၏ အုပ်ချုပ်မှုတွင် ပြည်သူများအားလုံးပါဝင်နိုင်ပြီး မိမိတို့၏ လိုအင်ဆန္ဒကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြသခွင့်ပြုထားသော တစ်ကမ္ဘာလုံးကလက်ခံထားသည့် အယူအဆတစ်ရပ်ဖြစ်ပါသည်။ နေထိုင်ရာဒေသ၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေဘဲ ပြည်သူများ ပေါင်းစည်းနေထိုင်နိုင်သည့် အယူအဆတစ်ရပ်လည်းဖြစ်ပါသည်။ ဒီမိုကရေစီဆိုသည့် အယူအဆသည် လွယ်ကူစွာ ဖော်ဆောင်နိုင်သည့် အရာတစ်ခု မဟုတ်သကဲ့သို့ ပြီးပြည့်စုံသည့် အရာတစ်ခုလည်း မဟုတ်ပေ။ *စာမျက်နှာ ၃ ကော်လံ ၁* ▲

# ပြည်သူ့အသံများကို လွှတ်တော်များနှင့် အစိုးရတို့မှ သိရှိနိုင်ရေး မြှင့်တင်အားပေး

နေပြည်တော် စက်တင်ဘာ ၁၅

**"ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ပေး" ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၃ (International Day of Democracy 2013) အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၃ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ *စာမျက်နှာ ၈ ကော်လံ ၁* ❍




ပြည်ထောင်စု လွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၃ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ စိတ်ထားမှန်

ဈေးရောင်းသည်ဆိုရာ၌ အချို့ရောင်းကုန်များ လက်ကျန်မရှိအောင်ရောင်းကောင်းနေသော်လည်း အချို့မှာမူ ရောင်းမကောင်း၍ အရင်းပင် ပြုတ်လုမတတ်ဖြစ်ကြရသည်။ အချို့မှာမူကားသည်အလုပ်မကောင်း၍ ဟိုအလုပ်ပြောင်းလျှင် ကောင်းမလားဟု စဉ်းစားခန်းဖွင့်တတ်ကြသေးသည်။ ဈေးရောင်း ဈေးသည်ချင်း အတူ၊ ကုန်ပစ္စည်းချင်းအတူဖြစ်သော်လည်း ရောင်းကောင်းသူက ရောင်းကောင်းပြီး မကောင်းသူကမကောင်းခြင်းတွင် ခြားနားချက်ရှိသည်ကား အမှန်ပင်ရှိ၏။

ထိုခြားနားချက်သည်ကား အခြားမဟုတ်။ ရောင်းအားကောင်းသူတို့သည်ကား ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ စိတ်ထားမှန်ဖြင့် ရောင်းဝယ်ဖောက်ကားခြင်းကြောင့်ပင် ဖြစ်၏။ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ စိတ်ထားမှန်နှင့် ရောင်းဝယ်ဖောက်ကားသူမှန်သမျှ တဖြည်းဖြည်းရောင်းကောင်းလာမည်မှာ သေချာပေသည်။ ထိုမှန်သုံးမှန်အနက်မှ တစ်ခုခုချို့ယွင်းနေမည်ဆိုပါက ရောင်းကောင်းမည်မဟုတ်။ ဈေးနှုန်းတော့မှန်သည်။ သို့သော် ပစ္စည်းကို ခိုထားမည်၊ လျှော့ထားမည်၊အရည်အသွေးကိုလျှော့လုပ်မည်ဆိုပါက ပေးရသည့်ငွေကြေးတန်ဖိုးနှင့် ပစ္စည်းတန်ဖိုး မထိုက်တန်ခြင်းကြောင့် ထိုဈေးသည်ထံ နောက်တစ်ဖန် ပြန်လာဝယ်ကြတော့မည်မဟုတ်ပေ။ တစ်ဖန်ပစ္စည်းမှန်၊ ဈေးနှုန်းမှန်သော်လည်း ချိုသာသောဆက်ဆံမှု၊ မှန်ကန်သောစိတ်ထား မရှိပါက ဖောက်သည်ပျောက်သော ဈေးကွက်ကိုခိုင်မာအောင် တည်ဆောက်နိုင်ဖို့ လွယ်ကူလိမ့်မည်မဟုတ်ပေ။

“မလျှော့နိုင်လျှင် ဈေးရောင်း”ဟူသောစကားသည် စေတနာထား ရောင်းဝယ်ဖောက်ကားစေရန် အသိပေးထားခြင်းဖြစ်ပါသည်။ “ဈေးသည်ဆိုတာ မြတ်ချင်လို့ရောင်းတာ၊ အလှူလုပ်နေတာမဟုတ်ဘူး၊စီးပွားရေးလုပ်နေတာ”ဟူ၍ ပြောဆိုသူအများအပြားရှိပါမည်။ မှန်ပါသည်။ မည်သူကမျှ ပစ္စည်းတစ်ခုကို အလကားယူကြမည် မဟုတ်ပါ။ တန်ရာတန်ကြေးပေးဝယ်လိုကြပါသည်။ ပစ္စည်းတန်ဖိုးနှင့်ထိုက်တန်သော အမြတ်အစွန်းယူပြီးရောင်းကြပါ။ ဈေးဝယ်သူတိုင်းသည် အလေးချိန်ခွင်၊ တင်းတောင်း မှန်ကန်မှုကို လေးစား တန်ဖိုးထားတတ်ကြပါသည်။ ဈေးမှန်၊ လက်မှန်သောဆိုင်၌သာ ရောင်းဝယ်လိုကြပါသည်။ အချို့သော ကုန်စုံဆိုင်ကြီးများ၊ ရွှေဆိုင်ကြီးများတွင် အလှူပေးနေသည့်အလား တိုးမပေါက်အောင်ရောင်းကောင်းနေသည်ကို တွေ့ကြဖူးပေလိမ့်မည်။ ဤကဲ့သို့ တိုးမပေါက်အောင် ရောင်းကောင်းနေခြင်းမှာ အခြားမဟုတ်။ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ စေတနာမှန်ခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဈေးရောင်းကောင်းဖို့ဆိုလျှင် မည်သည့်ယတြာအဆောင်ကောင်းကိုမျှ ဆောင်စရာမလိုပါ။ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ စိတ်ထားမှန်ဆိုသည့် အဆောင်ကောင်းလေးတစ်ခု ဆောင်ထားမည်ဆိုလျှင် အမြဲတမ်းရောင်းကောင်း၍ ကြီးပွားတိုးတက်ကြမည် ဖြစ်ပါကြောင်း။ ။


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက် Triggering board, DC Current setting board, UPS, Fixed Contact insulator, Drain Pump, Chlorine Compressor, Simatic panel, pH Meter, Valve, Mechanical Seal, Drum Chipper Fly Knives, Foam Fighting Agent, PAC, Sodium Sulphite ကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၆-၉-၂၀၁၃ရက် ညနေ၄း၀၀နာရီ ဖြစ်ပါသည်။

(ပါမစ်မြေ) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အမှတ်(၂)ထပ်းမပေးတင်၊ မြောက်ဒဂုံမြို့နယ်၊
တောင်/မြောက်လမ်းဆုံအနီး၊ ဈေးနှုန်း(၄၉၀၀)
(၅၂' × ၁၅၀') 09-2004297 , 09-43074771


## ပြည်တွင်းသတင်း

### ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၁၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

### အမေရိကန်ပြည်ထောင်စု၏ GSP ပြန်လည်ရရှိအောင် ကြိုးပမ်းလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၅**

အစိုးရသစ်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကြောင့် အစိုးရသစ်ကို နိုင်ငံတကာက အသိအမှတ်ပြုလာ၍ ယနေ့အခြေအနေဟာ တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အီးယူနိုင်ငံများသို့ တင်ပို့သည့်ကုန်ပစ္စည်းများအတွက် အကောက်ခွန်သက်သာခွင့် အထူးအခွင့်အရေးစနစ် (GSP) ပြန်လည်ရရှိလာပြီဖြစ်သလို မကြာခင်မှာ အမေရိကန်ပြည်ထောင်စုရဲ့ GSP လည်း ပြန်လည်ရရှိအောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနှင့် ကုန်သွယ်မှု ပြုရတော့မှာဖြစ်လို့ ဒေသဆိုင်ရာဆက်သွယ်တဲ့ လမ်းကြောင်းများ တည်ဆောက်နေပြီ ဖြစ်ပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံ သင်တန်းအမှတ်စဉ်(၃)နှင့် အဆင့်မြင့် သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ယခုအခါ ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုများကိုပါ အထူးတိုးတက်အောင် ဆောင်ရွက်ရမယ့်အချိန်ဖြစ်ကြောင်း၊ စင်ကာပူမှာလုပ်ဆောင်နေသော ဝန်ဆောင်မှုလုပ်ငန်းများ မကြာမီ မြန်မာနိုင်ငံတွင် လုပ်ဆောင်နိုင်မည့်အခွင့်အရေးများ ရရှိလာတော့မည်ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်အသုံးချနိုင်သည့် အရည်အသွေးမီသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ အထူးလိုအပ်နေပါကြောင်း၊ ထိုရည်မှန်းချက်များ ပြည့်မီဖို့အတွက် ကုန်သွယ်မှုမြှင့်တင်ရေးတွင် အရေးပါဆုံးဖြစ်သည့် ကုန်သွယ်မှုနှင့်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေဖို့ရည်ရွယ်၍ ယခုသင်တန်းနှစ်ခုအပါအဝင် သင်တန်းသား ၃၀၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံးသွားတဲ့ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိလေ့လာ တတ်မြောက်မှုများကို လက်တွေ့အသုံးချ၍ဖြစ်စေ၊ ဆင့်ပွားဖြန့်ဖြူးခြင်းဖြင့်ဖြစ်စေ၊ ကုန်သွယ်မှု တိုးတက်စေဖို့ နိုင်ငံ့အကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပါကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ရွှေဟောင်းစေတီကမ်းပါးပြို၍ ရေတိုက်စားမှုကာကွယ်ပြုပြင်ပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု အုန်နဲ့ချောင်းကျေးရွာ ရွာဦးတွင် ဆုတောင်းပြည့်စေတီတော်နှင့် အုံကျော်စွာဘုရားနှစ်ဆူ ကမ်းပါးပေါ်မေးတင်လျက် မြစ်ရေတိုက်စားပြီး ပြိုကျရန် ကမ်းပါးမြေအနည်းငယ်သာ ကျန်တော့သည်ကို တွေ့ရှိရသည်။



အဆိုပါ ရွှေဟောင်းစေတီတော်သည် ပုဂံမင်းများလက်ထက်က တည်ထားကိုးကွယ်ခဲ့ပြီး ဧရာဝတီမြစ်ကြောင်းမှ လှေ၊ မော်တော်ယာဉ်၊ သင်္ဘောကြီးငယ်မှ ဆလင်ဆရာများ အသိများခဲ့သော အုန်နဲ့ချောင်းဘုရားစွယ် ဆိပ်ကမ်းဟု အမည်တွင်ခေါ်လျက်ရှိသည်။ ထိုကဲ့သို့ ရွှေဟောင်း စေတီနှစ်ဆူ မြစ်ရေတိုက်စားမှုဖြစ်မည့်အရေးကို ဒေသခံပြည်သူများ စိတ်ပူပန်လျက်ရှိသည်။

အဆိုပါ ကျေးရွာသည် ညောင်ဦး-မြင်းခြံကားလမ်း၏ လက်ဝဲဘက်ဘေးတွင်တည်ရှိလျက် ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်နှင့် ရေတွင်း၊ ရေကန်ပတ်ချာဝိုင်းပြီး အလွန်အင်မတန် ကျက်သရေရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ ဧရာဝတီမြစ်ဘက်မှ ကြည့်လျှင်လည်း ရှုခင်းသဖွယ် ဧရာဝတီမြစ်နှင့်ပဏာတင့်သည်။ အဆိုပါကျေးရွာတွင် အိမ်ခြေငါးရာခန့်ရှိသည်။ ကျေးရွာနေပြည်သူများတွင် တောင်သူလယ်သမား ၁၅၀ ခန့် ရှိပြီး ကျန် ၃၅၀သည် ရေလုပ်သားအချို့နှင့် ကြုံရာ ကျပန်းအလုပ်သမားများ ဖြစ်ကြသည်။ စီးပွားရေးအဆင်ပြေမှု နည်းပါးသည်။

ကျေးရွာပြည်သူများက တတ်နိုင်သမျှ လှူဒါန်းသည့်ငွေနှင့် တစ်နှစ်တစ်ခါ ကမ်းပါးပြိုမှု ကာကွယ်ခဲ့ပြီး ရေကာတာများ ပြုလုပ်ခဲ့သည်မှာလည်း ဆယ်နှစ်တာမျှ ကြာခဲ့ပြီးဖြစ်သည်။ ကုန်ကျငွေမှာလည်း အတော်များခဲ့ပြီဖြစ်သည်ဟု အဆိုပါကျေးရွာသူ ရွာသားများထံမှ သိရသည်။

ယခုနှစ်တွင်လည်း ကျေးရွာက လျှပ်စစ်မီးရရှိရေး အားစိုက်နေသည့်အတွက် အချို့ကျေးရွာသူ ကျေးရွာသားများ စေတီတော်ကမ်းပါးပဲ့ပါမည့်အရေးကို စိတ်ဝင်စားမှု နည်းနေကြသည်။

အကယ်၍များ ကမ်းပါးပဲ့ပြီး စေတီနှစ်ဆူပါသွားလျှင် ကျေးရွာတစ်ရွာလုံးယူကျုံးမရ နှမြောတသကြမှာ အမှန်ပင်ဖြစ်ပါသည်။ ဖြစ်ပြီးမှ ယူကျုံးမရဖြစ်နေ၍လည်း အကျိုးရှိမည်မဟုတ်ပါ။

သို့အတွက်ကြောင့် အဆိုပါ ရွှေဟောင်းစေတီမြတ်ဘုရား ကမ်းပါးပြိုမှုဘေးမှကင်းဝေးရန် ဆောင်ရွက်ပေးစေလိုကြောင်း ကျေးရွာနေပြည်သူ ပြည်သားများထံမှ သိရသည်။

**ကျော်ငွေး(ညောင်ဦး)**






## ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ဒီမိုကရေစီတွင် အပြီးသတ်ပန်းတိုင်မရှိပါ။ ထို့ကြောင့် ပြောင်းလဲနေသော အခြေအနေများနှင့်အညီ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရန် လိုအပ်သကဲ့သို့ တစ်ဦးကိုတစ်ဦး အပြန်အလှန်ရိုသေလေးစားမှုနှင့် စေ့စပ်ကျေအေးမှုများလည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ဆီသို့ ခိုင်မာသည့်ရည်မှန်းချက်ဖြင့် ဦးတည်ချီတက်နေသော နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာပြည်သူများသည် ခေတ်မီသော ဒီမိုကရေစီနိုင်ငံတော်တစ်ရပ် တည်ဆောက်ရန် စွန့်စွန့်စားစားဖြင့် စတင်လျှောက်လှမ်းနေကြခြင်းဖြစ်ပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှ စတင်ကာ ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားရေးပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းအားထုတ်မှုများဖြင့် မိမိတို့၏ လူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်နေပြီး ကျွန်တော်တို့၏ ဒီမိုကရေစီစံနှုန်းများ တိုးတက်မှုရှိအောင်ဖော်ဆောင်လျက်ရှိပါသည်။ သို့သော် ဒီမိုကရေစီဆိုသည်မှာ အစိုးရများကသာ ဆုံးဖြတ်လုပ်ကိုင်ရခြင်းမဟုတ်ဘဲ နိုင်ငံသားများကပါ ၎င်းတို့ကို အုပ်ချုပ်စေလိုသည့်စနစ်များနှင့် တန်ဖိုးများကို အတူတကွ ပါဝင်ဆုံးဖြတ်စေခြင်းပင် ဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုဖြစ်သည့်အတွက် မြန်မာ့ဒီမိုကရေစီယဉ်ကျေးမှုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ရန်မှာ ကျွန်တော်တို့အားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

ပြည်သူ့အသံကို ကြားရစေရန်နှင့် ၎င်းတို့ကို မည်သို့အုပ်ချုပ်စေလိုသည်ဆိုသည်ကို မိမိတို့ဘာသာဆုံးဖြတ်နိုင်စေရန် ရည်သန်ကာ ယခုနှစ်တွင် “ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ပေး” "Strengthening Voices for Democracy"ဟူသော ဦးတည်ချက်အနှစ်သာရဖြင့် ကမ္ဘာ့ဒီမိုကရေစီနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာပြည်သူများသည် မိမိတို့၏အခွင့်အရေးများ တိုးတက်ရရှိစေရန်၊ မိမိတို့၏ အသံများကို ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုရေးရာများ၌ ပါဝင်စေရန်နှင့် နိုင်ငံရေးဆုံးဖြတ်ချက်ဖြစ်စဉ်တွင် ပါဝင်ခွင့်ရရန်အတွက် ကနဦးဆောင်ရွက်ရမည့်အဆင့်များကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ မိမိတို့၏ဆန္ဒများကို ထုတ်ဖော်နိုင်ပြီဖြစ်သော်လည်း ထိုသို့ထုတ်ဖော်ရာတွင် အခြားသူများ၏အခွင့်အရေးကို မထိပါးစေသောနည်းလမ်းဖြင့် ထုတ်ဖော်ကြရမည်ဖြစ်သကဲ့သို့ တစ်ဦးကိုတစ်ဦး အမုန်းပွားစေမည့် ဝေဖန်ပြောဆိုမှုမျိုးကိုလည်း ရှောင်ရှားကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် ရင့်သန်ဖွံ့ဖြိုးလိုပါက လူ့ဘောင်အဖွဲ့အစည်းကို ပုံဖော်ပေးမည့်နည်းလမ်းများဖြစ်သော တာဝန်ခံမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ဒီမိုကရက်တစ်စနစ်တွင်ရှိရမည့် လွတ်လပ်မှုများကို ဟန်ချက်ညီကျင့်သုံးတတ်စေရန် ကျွန်တော်တို့အားလုံးလေ့လာကြရမည်ဖြစ်ပါသည်။

ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံ အခြေအနေများ၊ လူမှုပုံစံများ၊ ဓလေ့ထုံးစံယဉ်ကျေးမှုများနှင့် စံတန်ဖိုးများ၊ နိုင်ငံအတွင်းရှိပါတီများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအစုအဖွဲ့များနှင့် ပြည်သူများအားလုံး တစ်နည်းဆိုသော် သက်ဆိုင်သူများအားလုံး (Stakeholders)၏ ဒီမိုကရေစီဖော်ဆောင်နိုင်မှုအပေါ်တွင်မူတည်ကာ ပုံစံအမျိုးမျိုး၊ ချဉ်းကပ်မှုအမျိုးမျိုး ကွဲပြားသော်လည်း စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ်မြင့်မားမှု၊ စည်းကမ်းနှင့် ဒီမိုကရေစီတို့သည် ခွဲခြားမရသောဖြစ်စဉ်များ ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတော်သည် မကြုံဖူးခဲ့သည့် အသွင်ကူးပြောင်းရေးလမ်းကြောင်းတစ်ရပ်ဖြင့် လျှောက်လှမ်းချီတက်ရာတွင် များပြားလှသည့် မရေရာမသေချာမှုများ၊ ကြီးမားသည့်စိန်ခေါ်မှုများနှင့် အဟန့်အတားများကို ကြုံတွေ့ကြရပါသည်။ ၎င်းစိန်ခေါ်မှုများကို အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုကို အခြေခံ၍ မှန်ကန်သည့် စေတနာဖြင့် ရင်ဆိုင်ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယနေ့ ကြုံတွေ့နေရသည့် ပဋိပက္ခများ၊ အခက်အခဲအကျပ်အတည်းများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ မဖြစ်မနေ ကြုံတွေ့ရမည့် စိန်ခေါ်မှုပြဿနာများပင်ဖြစ်ပြီး အလားတူ စိန်ခေါ်မှုများရှိနေသကဲ့သို့ အခွင့်အလမ်းကောင်းများလည်း ရှိနေပါသည်။ ထိုအခွင့်အလမ်းကောင်းများကို အမိအရ ဆုပ်ကိုင်ပြီး စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားသွားရန် လိုအပ်ပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

ယနေ့ကျင်းပသည့် ကမ္ဘာ့ဒီမိုကရေစီနေ့ အခါသမယနှင့်အခွင့်အခါကြုံကြိုက်ချိန်တွင် ပြည်သူများအနေဖြင့် ဒီမိုကရေစီတွင်ပါဝင်သော မတူကွဲပြားသည့်အသံများကို လေးစားရန်၊ ပွင့်လင်းစွာ ဆွေးနွေးခြင်း၊ ဖျောင်းဖျတိုက်တွန်းခြင်းနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းများတွင် ပါဝင်ကြရန်နှင့် ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ပေးနိုင်ရေးအတွက် အားပေးတိုက်တွန်းလိုက်ရပေသည်။

# တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ ရာလာ ဇာနာနာ ဂူစ်မာအို နှင့်ဇနီး မစ္စစ် ကာစ်တီ ဆဝဒ် ဂူစ်မာအို နှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်၍လှည့်လည်လေ့လာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ထို့နောက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟိုဆေးအန်တိုနီယိုမိဒ် ကူရီဘာရီညာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မွေးကင်းစကလေးကုသဆောင်အတွက် ငွေလှူ



**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်သည် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ရောက်ရှိပြီး မွေးကင်းစကလေးကုသဆောင်အတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းသည်။ **(ဓါတ်ပုံ)**

**တက်ရောက်**

လှူဒါန်းပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်က အလှူငွေ လက်ခံယူပြီး သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာခင်ထားရီ၊ ပါမောက္ခ ဒေါက်တာအေးအောင်၊ မွေးကင်းစကလေးကုသဆောင်မှ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ခင်နှင်းနှင့် ဆေးရုံအုပ်များ၊ သူနာပြုဆရာမကြီးများ တက်ရောက်ကြသည်။

**(ကျန်းမာရေး)**

# သုတပဒေသာ စာစောင်ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၅**

ဘာသာပြန်စာပေသန့်သန့်ဖတ်လိုသူများ၊ နှစ်ခြိုက်စွဲမြဲစွာ စောင့်မျှော်ဖတ်ရှုလျက်ရှိသည့် သုတပဒေသာစာစောင် စက်တင်ဘာလထုတ်ကို စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အန္တရာယ်ကြီးမားသော အဆိပ်သင့်မှုတစ်ခု၊ ကျန်းမာစေရန်လွယ်ကူလျင်မြန်သောနည်းလမ်း ၂၅ သွယ် စသည့်ကျန်းမာရေးဆောင်းပါးများ၊ အင်္ဂလိပ်စာဆောင်းပါးများ၊ စိတ်ခွန်အားဖြည့် ကြီးပွားရေးဆောင်းပါးများ၊ အိုင်စီတီစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများရှိနေသော အာဆီယံစသည့် နည်းပညာဆောင်းပါးများ၊ နယ်လ်ဆင်မင်ဒဲလား၏ ဘဝနှင့်ဒဿနစသည့် လူမှုရေး၊ နိုင်ငံရေးဆောင်းပါးများအပြင် ရသဝတ္ထုတို၊ ကဗျာ၊ ဟာသ၊ စာအုပ်စင်အညွှန်းဟူ၍ ပါဝင်နေကျ ကဏ္ဍစုံစုံလင်လင်၊ ရောင်စုံ/ဖြူမည်း သရုပ်ဖော်ပုံများ ဝေဝေဆာဆာထုတ်ဝေလိုက်ပြီဖြစ်သည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် နေပြည်တော် (သပြေကုန်းဈေး) စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁၊ ရန်ကုန်မြို့တွင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်တို့အပြင် ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့တွင် ထွန်းဦးစာပေ၊ နဂါးစာပေနှင့်မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ပါသည်။ **(သတင်းစဉ်)**





## နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၎င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီဧရိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

နိုင်ငံတကာသတင်း

# ဂျပန်က ၁၂ နှစ်အတွင်း ပထမဆုံးဒုံးပျံလွှတ်တင်

**အိုဆာကာ စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံက ၁၂ နှစ်ကြာကာလအတွင်း ပထမဆုံး ဒုံးပျံအသစ်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း ယင်းဒုံးပျံကိုစက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း ဂျပန်အာကာသ အေဂျင်စီက စက်တင်ဘာ ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။

Epsilon ဟုအမည်ပေးထားသော အဆိုပါ ဒုံးပျံကို ဂျပန်နိုင်ငံ ကာဂိုရှီးမား စီရင်စုအနောက်တောင်ပိုင်း အူချီနိုရာအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ဂျပန်မှလွှတ်တင်လိုက်သော အဆိုပါဒုံးပျံသည် ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသည်။

အဆိုပါ ဂြိုဟ်တုသည် ဂျပန်နိုင်ငံ၏ H2A ဒုံးပျံအရွယ်အစားထက် ထက်ဝက်ခန့်မျှ အရွယ်အစားရှိပြီး အရှည် ၂၄ မီတာရှိသည်။ ယင်းဒုံးပျံသည် လွှတ်တင်ပြီးမကြာမီ သတ်မှတ်ချိန်အတွင်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည်။

ယင်းဒုံးပျံနှင့်အတူ ပါရှိသွားသည့် ဂြိုဟ်တုသည် အာကာသရှိ ထူးခြားသော ဖြစ်ရပ်များကိုလေ့လာသတင်းထုတ်ပြန်သွားမည်ဖြစ်သည်။ ယခု ဒုံးပျံကို ပြီးခဲ့သည့် ဩဂုတ် ၂၇ ရက်က လွှတ်တင်ရန်စီစဉ်ထားခဲ့သော်လည်း နည်းပညာချွတ်ယွင်းမှုကြောင့် စက်တင်ဘာ ၁၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**





# ဖိလစ်ပိုင်တောင်ပိုင်းသူပုန်နှင့် အစိုးရ တိုက်ပွဲပြန်လည်စတင်

**မနီလာ စက်တင်ဘာ ၁၅**

ဖိလစ်ပိုင်တောင်ပိုင်း၌ အစိုးရတပ်များနှင့် မွတ်စလင်သူပုန်တို့ မကြာသေးမီက အပစ်အခတ်ရပ်စဲခဲ့သော်လည်း တိုက်ပွဲပြန်လည်စတင်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရတပ်များက ဇမ်ဘွမ်ဂါမြို့အနီးကျေးရွာများကိုပြန်လည်သိမ်းယူရန် တိုက်ပွဲဝင်နေကြပြီဖြစ်ကြောင်း၊ ယင်းမြို့သည် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (အမ်အင်န်အယ်လ်အက်ဖ်)က လူပေါင်း၁၀၀ခန့်ကို ပြန်ပေးဆွဲထားသည့်နေရာ ဖြစ်ကြောင်း သိရှိရသည်။ ခြောက်ရက်ကြာ အကြမ်းဖက် စစ်ပွဲ အတွင်းလူပေါင်း ၅၀ ကျော်သေဆုံးခဲ့သည်။ လူပေါင်း ၆၀၀၀၀ ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။ ယင်းမြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ဖိလစ်ပိုင်ဒုတိယသမ္မတ ဘိုင်နေးက သူပုန်ခေါင်းဆောင်မိဆူအာရီနှင့် အပစ်အခတ်ရပ်စဲရေး ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဖိလစ်ပိုင်တောင်ပိုင်းတွင် အဆိုပါ သူပုန်တို့က လွတ်လပ်ရေးတောင်းဆိုနေခြင်းဖြစ်သည်။ **(ဘီဘီစီ)**

## သတင်းတို

**အိန္ဒိယနိုင်ငံ** သည် ပြည်တွင်းဖြစ် နျူကလီးယား တင်နိုင်စွမ်းသော အက်ဂ်ျီ-၅ တိုက်ချင်းပစ်ဒုံးကျည် တစ်စင်းကို ဘိုဒီးနားပြည်နယ်အရှေ့ပိုင်းဝီလားကျွန်းမှနေ၍ စက်တင်ဘာ ၁၅ ရက်က စမ်းသပ်ပစ်ခတ်ခဲ့သည်။

**မက္ကဆီကိုနိုင်ငံ** တွင် ဟာရီကိန်း အင်ဂရက်နှင့် အပူပိုင်းမုန်တိုင်း မန်နျူရယ်ကြောင့် မိုးများသည်းထန်စွာရွာသွန်းလျက်ရှိရာ သဘာဝဘေးကြုံ တွေ့နေသည်။ စက်တင်ဘာ ၁၄ ရက်တွင်သေဆုံးသူ ၁၄ ဦးရှိသွားပြီး ထောင်ပေါင်းများစွာ ဘေးလွတ်ရာ ရွှေ့ထားရသည်။

**အာဖဂန်နစ္စတန်နိုင်ငံ** လတ်ချ်မန်း ပြည်နယ်အတွင်း စက်တင်ဘာ ၁၅ ရက် နံနက်အစောပိုင်းက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ရာ ရဲဝန်ထမ်းနှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်။

# အာဖဂန် မြောက်ပိုင်း ကျောက်မီးသွေးတွင်း ပြိုကျ

**ကဘူးလ် စက်တင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာမန်ဂန် ပြည်နယ်၌ စက်တင်ဘာ ၁၅ ရက်က ကျောက်မီးသွေးတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားရာ အနည်းဆုံးလူ ၂၇ ဦးသေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ မတော်တဆဖြစ်ရပ်မှာ ရိုအီဒိုဟတ်ခရိုင်အတွင်းရှိ အက်ခါရတ်ကျောက်မီးသွေးတွင်းပြိုကျခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက် နေ့ခင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အပြိုအပျက်များအောက်တွင် လူ ၅၀ နီးပါးပိတ်မိလျက်ရှိသည်ဟု သိရသည်။မြို့တော်ကဘူးလ်မှ ကီလိုမီတာ ၂၁၅ မီတာကွာ အိုင်ဘတ်စ် မြို့မှ ဒေသခံ ရာကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ အစိုးရသည် ကျောက်မီးသွေးတွင်းပြိုကျမှုအန္တရာယ်ကြောင့် မြောက်ပိုင်းဒေသရှိ ကျောက်မီးသွေးတွင်းများအား မကြာသေးမီက ပိတ်ထားပြီးဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလကလည်းဘတ်ခလန်ပြည်နယ်၌အလားတူ ကျောက်မီးသွေးတွင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၁ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**




ပြည်တွင်းသတင်း

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ကမ္ဘာ့ရေကြောင်းပညာတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၁၅**

Learning Management & E- Learning Systems သည် ရေကြောင်းပညာ တက္ကသိုလ်ကျောင်းသားများအတွက်သာမက ရေကြောင်းဘက်ဆိုင်ရာ ပညာရေးနှင့် ဆက်နွယ်နေသော ဆရာ ဆရာမများအတွက်ပါ များစွာ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တစ်ခုတည်းသော ရေကြောင်းဘက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ဖြစ်သည့်အတွက် ကောင်းမွန်ထင်ရှားသော ပုံရိပ်တစ်ခုဖြစ်ကြောင်းဖြင့် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ကမ္ဘာ့ရေကြောင်းပညာတက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားဵ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ရေကြောင်းပညာတက္ကသိုလ်(World Maritime University -WMU) မှ President Dr. Bjorn Kjerfve က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး WMU မှ Academic Information Officer and Lecturer Mr. Johan Bolmsten နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်မေစိုးအောင်တို့က Learning Management and E-Learning Systems နှင့်စပ်လျဉ်း၍ သရုပ်ပြရှင်းလင်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ကမ္ဘာ့ရေကြောင်းပညာတက္ကသိုလ်တို့ ပူးပေါင်း၍ သင်ကြားရေး စီမံခန့်ခွဲမှုနှင့် အီလက်ထရွန်နစ်ဆိုင်ရာ ပညာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် WMU President Dr. Bjorn Kjerfve တို့က လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ယာပုံ) (သတင်းစဉ်)**




# ဖျာပုံခရိုင်အတွင်းရှိ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ဖျာပုံ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာကျေးရွာတွင်းရှိ စံပြဧက ၁၀၀၀ စိုက်ကွင်းအတွင်းသို့ စက်တင်ဘာ ၁၂ ရက် နံနက်က ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ငါးခုံးမ၊ ငါးမြစ်ချင်းကောင်ရေ ၂၂၅၀၀ ကိုမျိုးစိုက်ထည့်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးဦးဝင်းကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ကျေးလက်နေတောင်သူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်းအင်အား ၁၁၀ တက်ရောက်ခဲ့ကြသည်။ အလားတူ ခရိုင်အတွင်းရှိ ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များတွင်လည်း အဆိုပါနေ့တွင် ငါးသားပေါက်ကောင်ရေ ၄၅၀၀၀ ကို စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်း (ဖျာပုံ)**

# ကလေးငယ်တစ်ဦး ဆီစက်ရှပ်တန်းနှင့်ငြိတွယ်သေဆုံး

**တောင်သာ စက်တင်ဘာ ၁၅**

တောင်သာမြို့နယ် ဒါန်းတိုင်ကျေးရွာတွင် စက်တင်ဘာ ၁၂ ရက် ညနေ ၅ နာရီက ကလေးငယ်တစ်ဦး ဆီစက်ရှပ်တန်းနှင့် ငြိတွယ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဒါန်းတိုင်ကျေးရွာနေ ဦးမြင့်သန်းကျော်၏ သားဖြစ်သူ မောင်ဖြိုးခန့်နောင် ခြောက်နှစ် ပထမတန်းကျောင်းသားသည် တစ်ရွာတည်းနေ အဘွားဖြစ်သူ ဒေါ်ရွှေဝိုင်း၏ ဆီစက်တွင် ဆော့ကစားနေစဉ် ဆီစက်ရှပ်တန်း ဝင်ရိုးစွန်းနှင့် ငြိတွယ်ကာ ရှပ်တန်းနှင့်အတူ လည်ပတ်ပြီး ဆီစက်ဘေးတိုင်နှင့် ရိုက်မိသဖြင့် ဒဏ်ရာရရှိခဲ့ရာ တောင်သာဆေးရုံမှ မြင်းခြံဆေးရုံသို့ လွှဲပြောင်းဆေးကုသရန် သွားရောက်စဉ် လမ်း၌သေဆုံးခဲ့ကြောင်း သိရသည်။ ဆေးစစ်ချက်များအရ ဦးခေါင်းခွံရိုးကျိုးအက်၍ ဦးနှောက်တွင်း သွေးယိုစိမ့်မှုကြောင့် သွေးခဲခြင်း၊ ညာဘက် လက်မောင်းရိုးကျိုးခြင်း၊ ညာဘက်နံရိုးနှစ်ချောင်းကျိုး၍ ခန္ဓာကိုယ်တွင်း သွေးယိုစိမ့်ခြင်းများ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ညောင်ဦးရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ လှူဒါန်းမှုများ ပြုလုပ်လျက်ရှိ



**ညောင်ဦး စက်တင်ဘာ ၁၅**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာမှ ရေဘေးသင့်ပြည်သူများကို တောင်ဘီကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိခဲ့ရာ စက်တင်ဘာ ၁၃ ရက်က အိမ်ထောင်စု ၁၀၀ ကို ပြောင်းရွှေ့ကယ်ဆယ်နေရာချထားပြီး စက်တင်ဘာ ၁၄ ရက်တွင် အိမ်ထောင်စု ၂၃၁ စု၊ အမျိုးသား ၄၃၁ ဦး၊ အမျိုးသမီး ၄၉၉ ဦး စုစုပေါင်း ၉၃၀ နှင့် နွား ၂၆၆ ကောင်တို့ကို ရွှေ့ပြောင်းကယ်ဆယ်နေရာချထားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ယခင် ရွှေ့ပြောင်းပေးထားသည့် အိမ်ထောင်စုများနှင့် ထပ်မံရွှေ့ပြောင်းလာသည့် အိမ်ထောင်စုပေါင်း ၂၃၁ စုတို့ကို တိုင်းဒေသကြီးအစီအစဉ်အရ တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်းဖြင့် ဆန်အိတ် ၅၆ အိတ်ကို ဝေငှပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ဆန်အိတ် ၆၀၊ ပုဂံ LND မှ ထမင်းထုပ် ၄၂၂ ထုပ်၊ Royal Bagan Foundation မှ ထမင်းထုပ် ၅၀၀၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ခေါက်ဆွဲထုပ် ၉၃၈ ထုပ်နှင့် Win ဆပ်ပြာမှုန့် ၂၉၄ ထုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးက ရေသန့်ဘူး ၆၆ ဘူးနှင့်ဖန်ခွက် ၁၂ ခွက်တို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

# ခြေလေးချောင်းပါသည့် မိန်းကလေးမွေးဖွား

**ပိန်းဇလုပ် စက်တင်ဘာ ၁၅**



စက်တင်ဘာ ၁၄ ရက် ညနေ ၂ နာရီခွဲက ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု ရောင်နီဦးကျေးရွာအင်ကြင်းစုပိုင်းနေ အဖ ဦးမောင်လွင်၊ အမိ ဒေါ်ဌေးတို့မှ သတ္တမမြောက်မွေးဖွားသော မိန်းကလေး ကိုယ်အလေးချိန် ၆ ဒသမ ၅ ပေါင်ရှိ မွေးကတည်းက ခြေလေးချောင်းပါဝင်သော ကလေးငယ်တစ်ဦးကို အရပ်သားဖွားဖြင့်နေအိမ်တွင် မွေးဖွားခဲ့ပြီး ဒိုက်ဦးဆေးရုံသို့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကလေးသည် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ခွဲစိတ်မှုပြုနိုင်ရေးအတွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်ငါးသောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်ဌာနဆိုင်ရာများက အလှူငွေကျပ်တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် ငါးသောင်း၊ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၇၆၀၀၀ စုစုပေါင်းငွေကျပ် ၃၇၆၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့ပြီး ဒိုက်ဦးပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းနှစ်ဦးလိုက်ပါလျက် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ ည ၇ နာရီ မိနစ် ၂၀ တွင် သုခကာရီကရုဏာလက်များအသင်း(ဒိုက်ဦး)၏ လူနာတင်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# လေမတိုက်ဘဲ သစ်ပင်ပြိုလဲပြီး ကားတစ်စီးပေါ်သို့ပိ

**မြစ်ငယ် စက်တင်ဘာ ၁၅**



စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီက အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် ကားတစ်စီးပေါ်သို့ သစ်ပင်ပြိုလဲမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အမရပူရမြို့နယ် မြစ်ငယ်မြို့ ဈေးရုံကြီး၏ မျက်နှာစာတွင် အဖြူရောင် လိုက်ထရပ် ၈င/. . . ယာဉ်ရပ်နားထားစဉ် လေမတိုက်ပါဘဲ မြစ်ငယ် မြို့မ ရပ်ကွက်ဈေးအနီးကပ်လျက် တမာပင်ကြီးသည် ရုတ်တရက်ပြိုလဲကျရာ အဆိုပါ လိုက်ထရပ်ကားပေါ်သစ်ကိုင်းများရိုက်ခတ်မှုကြောင့် ကားမှန်အနည်းငယ်ထိခိုက်၍ ဆက်သွယ်ရေး(ကြိုးဖုန်း) ကွန်ကရစ်တိုင်တစ်တိုင်နှင့် လျှပ်စစ်မီးကြိုးများ အနည်းငယ် ထိခိုက်ပျက်စီးသွားခဲ့သည်။ တယ်လီဖုန်းဆက်သွယ်ရေးတိုင်ပါ လဲပြိုသွားသဖြင့် တယ်လီဖုန်းအဆက်အသွယ်(လိုင်း) အချို့ ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

"အမှတ်တမဲ့ ဈေးရောင်းနေရာက ဝုန်းဆိုအသံကြီးကြားလို့ ဘေးကိုကြည့်လိုက်တော့ အနားက တမာပင်ကြီး လဲကျတာမြင်တော့ ထိတ်လန့်သွားပြီး သမီးနဲ့ သားငယ်ကိုလက်ဆွဲပြီး ဆိုင်ပေါ်က ဆင်းပြေးရတယ်။ တစ်ခုတော်သေးတာက အခြားဈေးသည်ဘယ်သူ့ကိုမှ မထိခိုက်မိလို့" ဟု သစ်သီးဆိုင်ပိုင်ရှင် မချိုဝင်းက ပြောဆိုသည်။ ၄င်းသစ်ပင်ပြိုလဲကျရာတွင် လူတစ်ဦးတစ်ယောက်မျှ မထိခိုက်ဘဲ ဆက်သွယ်ရေးကွန်ကရစ်ဖုန်းတိုင် (ကြိုးဖုန်းလိုင်း)နှင့် လျှပ်စစ်မီးကြိုးလိုင်းတစ်ခု ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

လူကုန်ကူးမှုပပျောက်ဖို့ တစ်မျိုးသားလုံးပါဝင်ကြစို့

ဆောင်းပါး

# နိုင်ငံသားများ သိသင့်သည့် 'နိုင်ငံတော်' နှင့် 'အစိုးရ' ဆိုသည်မှာ

**မော်ကွန်း**

မိမိတို့နိုင်ငံတွင် "၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ"၊ ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းသော "ဖွဲ့စည်းပုံအခြေခံဥပဒေ" နှင့် ၂၀၀၈ ခုနှစ်တွင်ပြဋ္ဌာန်းသော "ဖွဲ့စည်းပုံအခြေခံဥပဒေ" ဟူ၍ ပြဋ္ဌာန်းကျင့်သုံးခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ကျွန်တော့်အနေဖြင့် "နိုင်ငံတော်" ဟူသော စကားရပ်နှင့် "အစိုးရ" ဟူသော စကားရပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များကို လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ(Existing Law) များအားလေ့လာ၍ အများပြည်သူနှင့် ဥပဒေပြုကိုယ်စားလှယ်များ အချိန်တိုအတွင်း လေ့လာနိုင်ရန် ပကတိအတိုင်း ရှင်းလင်းတင်ပြသွားပါမည်။ ဦးစွာ "နိုင်ငံတော်" ဟူသော စကားရပ်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏အခြေခံမူများအခန်း ပုဒ်မ ၄၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို ဖော်ပြပါသည်-

"ဤအခန်းပါအခြေခံမူများနှင့် အခန်း (၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းတွင် ပါရှိသော " နိုင်ငံတော်" ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်။"

"The Basic Principles Set forth in this Chapter, and Chapter 8, Citizen, Fundamental Rights, and Duties of the Citizen, the term "Union" means person or body exercising the legislative or executive authority of the Union under this Constitution according as the context may require."

အထက်တွင်ဖော်ပြထားသော အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းတွင် အဆိုပါပြဋ္ဌာန်းချက်အတိုင်း **နိုင်ငံတော်သည်**. . . ဟု စတင်ပြီး ပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၅၂၊ ၃၅၆၊ ၃၅၈၊ ၃၅၉၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၈ နှင့် ၃၇၁ တို့တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်သည်။ အလားတူ အခန်း (၁၅)၊ အထွေထွေပြဋ္ဌာန်းချက်များအခန်း ပုဒ်မ ၄၅၁ တွင် "နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာတွင်လည်းကောင်း၊ နိုင်ငံတော်အခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ။". . . ဟုပြဋ္ဌာန်းထားသည်ကို တွေ့ရပေသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "**နိုင်ငံတော်**ဟူသော စကား၏အဓိပ္ပာယ်ကို ရှင်းလင်းချက်" ခေါင်းစဉ်ဖြင့် ပုဒ်မ ၉တွင် "ဤအခန်းနှင့် အခန်း ၃၊ အခန်း ၄ တို့တွင် **နိုင်ငံတော်**ဟူသောစကား၏ ဆိုလိုရင်းမှာ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်ကိုထောက်၍ ပြည်ထောင်စုနိုင်ငံ၏ သို့တည်းမဟုတ် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း၊ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း ဆိုလိုသည်။" "In this Chapter and in Chapters III and IV,the term "State" means the executive or legislative authority of the Union or of the unit concerned according as the context may require." . . . ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် "**နိုင်ငံတော်**" ဟူသော စကားရပ်အား တိကျစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ နားလည်ရန် လွယ်ကူပြီး အငြင်းပွားရန်မရှိနိုင်ပေ။

ဆက်လက်၍ "အစိုးရ" ဟူသော စကားရပ်နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များအားအခြေခံ၍ ရှင်းလင်းတင်ပြသွားပါမည်။ အခန်း (၅)၊ အုပ်ချုပ်ရေးအခန်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ (The Union Government )ခေါင်းစဉ်ပြု၍ စတင်ထားသည်ကို တွေ့နိုင်သည်။ ပုဒ်မ ၁၉၉ (က) တွင် **နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်**ဟု ပြဋ္ဌာန်းထားသည်။ (ပုဒ်မ ၁၆ တွင် "နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်" " The Head of the Union and the Head of Executive of the Union is the President." . . . ဟု ပြဋ္ဌာန်းထားသည်။)

ဆက်လက်၍ အခန်း (၅) ပုဒ်မ ၂၀၀ တွင် **ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း**နှင့်စပ်လျဉ်း၍ "နိုင်ငံတော်သည် ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်-

(က) နိုင်ငံတော်သမ္မတ၊

(ခ) ဒုတိယသမ္မတများ၊

(ဂ) ပြည်ထောင်စုဝန်ကြီးများ၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်။" . . . ဟု ပြဋ္ဌာန်းထားသည်။ ဥပဒေပြု လွှတ်တော်နှင့် တရားရေးမဏ္ဍိုင်တို့မှ မပါဝင်သည်ကို ရှင်းလင်းစွာ သိရှိနိုင်သည်။

ထို့ပြင် ပုဒ်မ ၂၁၉ တွင် "**ပြည်ထောင်စုအစိုးရ**သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်။" . . . ဟု ပြဋ္ဌာန်းချက်အား တွေ့ရှိနိုင်သည်။ ပိုမိုရှင်းလင်း ရန် ဆက်လက်တင်ပြပါဦးမည်။

- **ပုဒ်မ ၂၂၀** တွင် "**ပြည်ထောင်စုအစိုးရ**သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို ချမှတ် ရမည်။ ယင်းမူဝါဒများနှင့်အညီ လိုအပ်သော စီမံကိန်းများကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ရမည်" . . . ဟုလည်းကောင်း၊
- **ပုဒ်မ ၂၂၁** တွင် "**ပြည်ထောင်စုအစိုးရ**သည် ဘဏ္ဍာရေး ကော်မရှင်နှင့်ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ **ပြည်ထောင်စုလွှတ်တော်သို့** တင်သွင်းအတည်ပြုချက်ရယူရမည်" . . . ဟုလည်းကောင်း၊
- **ပုဒ်မ ၂၂၅** တွင် "**ပြည်ထောင်စုအစိုးရ**သည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်". . . ဟုလည်းကောင်း၊
- **ပုဒ်မ ၂၂၈** တွင် "**ပြည်ထောင်စုအစိုးရ**သည်-
  - (က) ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို **ပြည်ထောင်စုလွှတ်တော်**သို့ ပြန်လည်အစီရင်ခံရမည်။
  - (ခ) နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရမည်" ဟုလည်းကောင်း စသည်ဖြင့် ပြဋ္ဌာန်းချက်များကို တွေ့ရှိနိုင်သည်။

**ဤပြဋ္ဌာန်းချက်များသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် ပြည်ထောင်စုအစိုးရနှင့် ဥပဒေပြု လွှတ်တော်များ ဆောင်ရွက်နိုင်ခွင့်ကို ပိုင်းခြားထားခြင်းအတွက် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်ပေတော့သည်။**

ထို့ပြင် အထက်ပါကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် အစိုးရနှင့် ဥပဒေပြု လွှတ်တော်တို့၏ ဆောင်ရွက်ခွင့်ပိုင်းခြားမှုကို ပြဋ္ဌာန်းထားသော အခန်း (၁၄) ပါ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၏ ပြဋ္ဌာန်းချက်များကို ရှင်းလင်းတင်ပြလိုပါသည်-

- **ပုဒ်မ ၄၄၆** တွင် "တည်ဆဲဥပဒေများသည်ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။". . . ဟုလည်းကောင်း၊
- **ပုဒ်မ ၄၄၇** တွင် "တည်ဆဲနည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။". . . ဟုလည်းကောင်း၊

**လူတိုင်းတည်ဆဲဥပဒေကို လိုက်နာရမည်။ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်အပေါ် မှားယွင်းစွာ အကောက်အယူပြု၍ လမ်းမှားသို့ရောက်အောင် ဆောင်ရွက်ခြင်းမပြုအပ်။**

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိ၍သော်လည်းကောင်း၊ မသိဟုဆို၍လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်မျှ မချိုးဖောက်အပ်။ အထူးသဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများ၊ နိုင်ငံတော်ဥပဒေပြုရေးတွင် တာဝန်ရှိသူများနှင့် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူတို့သည် မည်သည့်ကြောင့်မျှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ရန် မဆိုထားနှင့်၊ စဉ်းစားရန်ပင်မသင့်ပေ။**

- **ပုဒ်မ ၄၄၈** တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ စတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အခြားပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်အမှုထမ်းရမည်။". . . ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

**ထို့ကြောင့် "နိုင်ငံတော်"ဟူသော စကားရပ်နှင့် "အစိုးရ"ဟူသော စကားရပ်သုံးနှုန်းခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေက ရှင်းရှင်းလင်းလင်း ပိုင်းခြားဖွင့်ဆို ပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။**

တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ရာဇသတ်ကြီး (The Penal Code) ပုဒ်မ ၁၇ တွင် "အစိုးရ"ဟူသော စကားရပ်ကို "**အစိုးရ**ဆိုသည်မှာ၊ ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို၊ ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသောသူ တစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည်။" "The word **Government** denotes the person or persons authorized by law to administer executive government in any part of the Union of Burma.". . . ဟုပြဋ္ဌာန်းထားသည်။

ထို့ပြင် **၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ** ပုဒ်မ ၅(က)၊ ပုဒ်မခွဲငယ် (၃)တွင် "**အစိုးရ**ဆိုသော စကားရပ်တွင် ဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ အခြေခံဥပဒေဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ဖြင့်ဖြစ်စေ နိုင်ငံတော်၏ စီမံခန့်ခွဲမှုအာဏာအပ်နှင်းခြင်းခံရသော အဖွဲ့အစည်းကို ဆိုသည်။". . . ဟု ပြဋ္ဌာန်းထားသည်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေဖြင့် ရုပ်သိမ်းခဲ့သည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော The Burma General Clauses Act ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (၂၆)တွင် "Government" or "the Government" shall mean the person authorized by or under the Constitution of the Union of Burma to exercise the executive authority of Burma"ဟု ပြဋ္ဌာန်းထားပါသည်။ ဤသို့ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကား၍ ဖော်ပြခဲ့မှုနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ကို လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၃ တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်။" . . . ဟု တွေ့ရှိနိုင်ပေသည်။

**ဥပဒေဆိုင်ရာအကိုးအကားပြုခြင်းနှင့်စပ်လျဉ်း၍ အခြားမည်သည့်နိုင်ငံက ပြဋ္ဌာန်းချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကိုမျှ သုံး၍မရနိုင်ပေ။ မိမိနိုင်ငံသားများ ပါဝင်အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ အကိုးအကားပြုရမည်ကို ဥပဒေဖြင့် ဘွဲ့မရလင့်ကစား သာမန်အသိအကြားရှိသူပင် နားလည်နိုင်သည်။ အကိုးအကားပြုရမည်ကို မကိုးကားဘဲ၊ အကိုးအကား မပြုရမည်ကို အကိုးအကားပြုက ဥပဒေကို Misleading ပြုရာ ရောက်ပေသည်။**

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၅)ပါ အုပ်ချုပ်ရေးအာဏာအပ်နှင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သာ အစိုးရဖြစ်ကြောင်း မှန်ကန်စွာ သိရှိကြရန် ဝေမျှလိုက်ရပါသည်။**

ကျွန်တော်၏ ရှင်းလင်းတင်ပြချက်များ၏ အနှစ်ချုပ်ကို အောက်တွင် ဖော်ပြလိုက်ရပေသည်-

- **နိုင်ငံတော်** (**State**)ဟူသော စကားရပ်သည် အုပ်ချုပ်ရေးအဖွဲ့နှင့် ဥပဒေပြုအဖွဲ့ကို ကိုယ်စားပြုသည်။
- **အစိုးရ** (**Government**) ဟူသော စကားရပ်သည် အုပ်ချုပ်ရေးအဖွဲ့ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိသောပုဂ္ဂိုလ်ကို ဆိုလိုသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုလျှင် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို အကိုးအကားပြုရမည်။
- **တရားဥပဒေစိုးမိုးရေး** (**Rule of Law**)ဟု လူကြိုက်များသော စကားရပ်သည် နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သည်မှာ သေချာသည်။ Rule of Law ၏ အဓိကအချက်မှာ ဥပဒေသည်သာလျှင် အမြင့်ဆုံးဖြစ်ပြီး လူတိုင်းဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟူသော သဘောတရားပင်ဖြစ်သည်။ လူတိုင်းတည်ဆဲဥပဒေကို လိုက်နာရမည်။ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်အပေါ် မှားယွင်းစွာ အကောက်အယူပြု၍ လမ်းမှားသို့ ရောက်အောင် ဆောင်ရွက်ခြင်း မပြုအပ်ပေ။
- တစ်မျိုးသားလုံးရှိ လူထုလူတန်းစား အလွှာစုံဖြစ်သည့် အဖွဲ့(၈)ဖွဲ့မှ လူ ၂၀၀၀ ခန့်ဖြင့် (၁၅) နှစ်ခန့် အချိန်ယူ၍ ရေးဆွဲကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိ၍သော်လည်းကောင်း၊ မသိဟုဆို၍ လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်မျှ မချိုးဖောက်အပ်။ အထူးသဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများ၊ နိုင်ငံတော်ဥပဒေပြုရေးတွင် တာဝန်ရှိသူများနှင့် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူတို့သည် မည်သည့်ကြောင့်မျှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ရန် မဆိုထားနှင့်၊ စဉ်းစားရန်ပင် မသင့်ပေ။
- ဥပဒေကိုမသိရုံနှင့် ကင်းလွတ်ခွင့်မရနိုင် (Ignorance of Law is no excuse) ဟူသော ဥပဒေရေးရာအဆိုအမိန့်ကို သိရှိခံယူအပ်သည်။
- ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း အောင်မြင်ခိုင်မာရေးအတွက် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ရှိမှု (Responsibility) နှင့် တာဝန်ခံမှု (Accountability)တို့ကို မဏ္ဍိုင်ကြီး(၃)ရပ်တွင် အဓိကတာဝန်ရှိသူများ၊ တာဝန်ရှိသူများက သိအောင်လုပ်၍ အများပြည်သူအကျိုးငှာ ရှေးရှုဆောင်ရွက်သင့်လှပေသည်။

ဤတင်ပြချက်များသည်ကား ဥပဒေများ၏မိခင်ဟုဆိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များအရ ရှင်းလင်းတင်ပြခြင်းသာဖြစ်သည်။ ထို့ပြင် နိုင်ငံတော်တွင်ခေတ်အဆက်ဆက်၌ ဥပဒေပြုရေးတာဝန်ရှိသူတို့က ကဏ္ဍစုံအတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းထားပြီး အခြေခိုင်မာသည့် ဥပဒေစနစ်ရှိ၍ တည်ဆဲဥပဒေများကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများက သိရှိအောင်လေ့လာ၍ လိုက်နာသင့်လှပေသည်။

တရားဥပဒေစိုးမိုးရေးလိုလားသူတိုင်းကိုယ်တိုင် ဥပဒေကိုလည်း သိရှိအောင်လုပ်၍ လိုက်နာသင့်ကြောင်း ခံယူအပ်ပေသည်။ ဥပဒေသည် လူတိုင်းနှင့်သက်ဆိုင်သည်။ ဥပဒေများကို သေချာစွာ ဖတ်ရှုလေ့လာခြင်းမရှိဘဲ၊ မိမိထင်သလို ပြောဆိုရေးသားခြင်းများသည် ပြည်သူများအား အသိအမြင်လွဲမှားစေသည်။ အသိမှားပါက အလုပ်ပါလိုက်၍ မှားမည်ကို သတိပြုသင့်ကြောင်း အကြံပြုလိုက်ရပါသည်။ ။

# ကျွန်တော်နဲ့ အများပိုင်ကုမ္ပဏီများ

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်

မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုဟာ အခြေခံတစ်ရပ်ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပုဂ္ဂလိက ကဏ္ဍက ဦးဆောင်မှုလိုအပ်တာကို လက်ခံရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သာမက တစ်ကမ္ဘာလုံးမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုမှာ နိုင်ငံတော်အစိုးရရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်နေတာတွေ့ရပါတယ်။ နိုင်ငံတော်က ကိစ္စရပ်အားလုံးကို အစအဆုံး တာဝန်ယူရမယ်ဆိုတဲ့ အယူအဆက တစ်ချိန်တုန်းက ရှိခဲ့ပါတယ်။ From Cradle to Grave ပုခက်တွင်းက သင်္ချိုင်းကုန်းအထိ၊ တစ်နည်းပြောရရင် မွေးတဲ့အချိန်ကစပြီး သေတဲ့အထိ နိုင်ငံတော်က တာဝန်ယူမယ်ဆိုတဲ့ အတွေးအခေါ်ကတော့ ဒုတိယကမ္ဘာစစ်အပြီး ကွန်မြူနစ်နိုင်ငံတွေနဲ့ ဂျပန်နိုင်ငံမှာ လိုက်နာကျင့်သုံးခဲ့ပါတယ်။

၁၉၉၀ ခုနှစ်နောက်ပိုင်းမှာတော့ နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်လာပြီး နိုင်ငံတော်ဟာ Public Goods လို့ခေါ်တဲ့ အများနဲ့ သက်ဆိုင်တဲ့ ပစ္စည်းနဲ့ဝန်ဆောင်မှုတွေအတွက်သာ တာဝန်ယူရမှာဖြစ်ပြီး Private Goods ဖြစ်တဲ့ တစ်ဦးတစ်ယောက်ချင်းအတွက် လိုအပ်ချက်ကိုတော့ တာဝန်ယူရန်မလိုဘဲ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ကသာ တာဝန်ယူရမှာဖြစ်ပါတယ်။

ဥပမာတစ်ခုအနေနဲ့ နိုင်ငံတော်ဟာ ပြည်သူပြည်သားအားလုံးအတွက် သန့်ရှင်းတဲ့ သောက်ရေ၊ သုံးရေကို ပေးဆောင်ရတဲ့ တာဝန်ရှိပါတယ်။ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုတွေကို နိုင်ငံတော်မှာတာဝန်ရှိပါတယ်။ ကလေးသူငယ်များ ကာကွယ်ရေးဆိုတဲ့အလုပ်ဟာ နိုင်ငံ့တာဝန်သာ ဖြစ်ပါတယ်။ ဒါပေမယ့် မိမိရဲ့အလှအပအတွက် ပလတ်စတစ်ဆာဂျရီ ခွဲစိတ်ကုသခံယူမှုကိုတော့ နိုင်ငံတော်မှာ တာဝန်မရှိပါဘူး။ ဒါကြောင့် Role of the State နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ဖို့အလွန်အရေးကြီးလှပါတယ်။ ကာကွယ်ရေး၊ လုံခြုံရေး၊ အခြေခံအဆောက်အအုံ၊ ရေ၊ မီးစတဲ့ ဝန်ဆောင်မှုတွေဟာ နိုင်ငံ့တာဝန်သာဖြစ်ပါတယ်။ ကျန်တဲ့တာဝန်ဝတ္တရားတွေကိုတော့ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများက တာဝန်ယူရမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ကဏ္ဍသုံးရပ်ရှိပါတယ်။ ပထမကဏ္ဍက အစိုးရဖြစ်ပြီး၊ ဒုတိယကတော့ ပုဂ္ဂလိကအခန်းကဏ္ဍဖြစ်တယ်။ နောက်ဆုံးကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အောက်ပါဇယားနဲ့ ပုံဖော်နိုင်မှာဖြစ်ပါတယ်-

| | | အကျိုးကျေးဇူး | |
|---|---|---|---|
| | | မိမိအတွက် | အများ |
| ဝင်ငွေ | ကောက်ခံ | (က)မရှိသင့် | (ခ) နိုင်ငံတော်အစိုးရ |
| | | | (ဂ) အရပ်ဘက်လူ့အဖွဲ့အစည်း |
| | ရှာ | (ဃ)ပုဂ္ဂလိကကဏ္ဍ | (င)လူမှုစီးပွားရေးအဖွဲ့အစည်းများ |

လူ့အဖွဲ့အစည်းတစ်ခုမှာ ဇာတ်ကောင်ငါးမျိုး အောက်ပါအတိုင်းရှိနေတာ တွေ့ရပါတယ်။

ဒီဇာတ်ကောင်ငါးမျိုးကို ဖော်ထုတ်ရာမှာ အခြေခံအားဖြင့် ဝင်ငွေကိုမည်သို့ရှာဖွေသည့်အပေါ်မူတည်ပြီး တစ်ဖက်က အကျိုးကျေးဇူးများကို မည်သူတွေအတွက် ဖန်တီးပေးတယ်ဆိုတဲ့အပေါ်မှာ အခြေတည်ပြီး သတ်မှတ်လို့ရပါတယ်။ ဒါကြောင့်-

(က) ဝင်ငွေကိုကောက်ခံပြီးမိမိအတွက် အသုံးချခြင်းဟာမရှိသင့်တဲ့ကိစ္စဖြစ်ပါတယ်။

(ခ) နိုင်ငံတော်အစိုးရရဲ့ဝင်ငွေဟာ ပြည်သူ့ထံမှ အခွန်အကောက်အဖြစ် ကောက်ခံပြီး အကျိုးအမြတ်တွေကို အများအတွက် ဖြန့်ဖြူးပေးခြင်းဖြစ်တယ်။

(ဂ) အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနဲ့လည်း နိုင်ငံတော်အစိုးရလို ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

(ဃ) ပုဂ္ဂလိကကဏ္ဍဟာ ဝင်ငွေရှာရတဲ့အတွက် ရလာတဲ့အကျိုးအမြတ်ကိုလည်း မိမိအတွက် အသုံးချခွင့်ရှိပါတယ်။

(င) ဒီဇာတ်ကောင်ကတော့ သမားရိုးကျပုံစံမဟုတ်ပါဘူး။ လူမှုစီးပွားရေးအဖွဲ့အစည်းဟာ ဝင်ငွေကို ပုဂ္ဂလိကလုပ်ငန်းနည်းတူ ရှာဖွေရပါတယ်။ အမြတ်ရအောင်ကြိုးစားရတယ်။ ထူးခြားတာက ရရှိလာတဲ့ အမြတ်အစွန်းကို မိမိအတွက်အသုံးချတာမျိုးမဟုတ်ဘဲ အများအတွက် အသုံးချခြင်းဖြစ်ပါတယ်။ ဒီလူမှုစီးပွားရေးအဖွဲ့အစည်းဟာ ထူးခြားမှုရှိတယ်လို့ ပြောနိုင်ပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ သမဝါယမလုပ်ငန်းတွေဟာ အမှန်တော့ လူမှုစီးပွားရေးအဖွဲ့အစည်းတွေသာ ဖြစ်ပါတယ်။ သမဝါယမအသင်းတွေဟာ စီးပွားရေးအလုပ်လုပ်ကြတယ်။ အမြတ်ရအောင်ကြိုးစားတယ်။ ဒါပေမယ့်ရလာတဲ့ အကျိုးအမြတ်ကို အများအကျိုးအတွက် အသုံးချခြင်းဖြစ်ပါတယ်။

ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ပတ်သက်လာရင် အခြေခံပုံစံသုံးရပ်ရှိပါတယ်။ ပထမကတော့ မိသားစုတစ်ဦးတည်းပိုင်လုပ်ငန်းတွေဖြစ်ပါတယ်။ ဒီပုံစံဟာ မြန်မာနိုင်ငံမှာတော့ အများစုဖြစ်ပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ အခုလို မိသားစုတစ်ဦးတည်းပိုင်လုပ်ငန်းတွေရှိကြပါတယ်။ ပိုင်ရှင်လုပ်သူဟာ စီမံခန့်ခွဲမှု တာဝန်ကိုလည်းယူတယ်။ မိသားစုလုပ်ငန်းဖြစ်တဲ့အတွက် စည်းမျဉ်းစည်းကမ်းတွေနည်းပြီး သွက်လက်မှုရှိတယ်။

မိသားစုလုပ်ငန်းပုံစံကနေ လုပ်ငန်းချဲ့ထွင်ဖို့အတွက် အစုစပ်(Partnership) တွေဖော်ထုတ်ကြတယ်။ နှစ်ဦး၊ သုံးဦးကနေ အစုစပ်လုပ်လိုတဲ့သူတွေစုစည်းကြပြီး စီးပွားရေးတွေလုပ်ကြတယ်။ တတိယပုံစံကတော့ အများပိုင်ကုမ္ပဏီပုံစံဖြစ်တယ်။ အများပိုင်ဖြစ်တဲ့အတွက် အစုထည့်မယ့်သူတွေဟာ ပိုင်ရှင်တွေဖြစ်လာတယ်။ လိုအပ်တဲ့ အရင်းအနှီးပမာဏကို ယခင်ပုံစံနှစ်ခုထက် ပိုမိုရရှိအောင် လုပ်ဆောင်နိုင်တယ်။ အများပိုင်ကုမ္ပဏီရဲ့ အခြေခံကပိုင်ရှင်နဲ့ စီမံခန့်ခွဲမှုတာဝန်ကို ခွဲခြားလိုက်ခြင်းဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီမှာ အပိုင်းသုံးပိုင်းရှိပါတယ်။

ပထမပိုင်းကတော့ အစုရှယ်ယာတွေအားလုံးက ယုံကြည်စိတ်ချပြီး မိမိတို့ရဲ့ကိုယ်စား ကုမ္ပဏီကို တာဝန်ယူပေးနိုင်မယ့် Board of Directors (BOD) ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီမှာ BOD ကအဓိကဖြစ်တယ်။ ကုမ္ပဏီရဲ့ရှေ့လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး BOD ကဆုံးဖြတ်ရတယ်။ BOD တွေကို အစုရှယ်ယာရှင်တွေအနက်က အရည်အချင်းရှိသူ၊ယုံကြည်စိတ်ချရသူ၊ သိက္ခာသမာဓိရှိသူတွေကို ရွေးချယ်ခန့်ထားလေ့ရှိပါတယ်။

တစ်ဖက်မှာလည်း အစုရှယ်ယာဝင်မဟုတ်တဲ့ ပြင်ပပုဂ္ဂိုလ်တွေကိုလည်းခန့်ထားနိုင်ပါတယ်။ ပြင်ပပုဂ္ဂိုလ်တွေဟာ လွတ်လပ်တဲ့အကြံတွေ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ BOD အဖွဲ့ဝင်တွေဟာ အလွန်အရေးကြီးပါတယ်။ အတွေ့အကြုံမျိုးစုံရှိသူတွေဖြစ်ဖို့လိုပြီး တစ်ဦးနဲ့တစ်ဦး အပေးအယူရှိဖို့ အရေးကြီးပါတယ်။ မိသားစုလုပ်ငန်းက အများပိုင်ကုမ္ပဏီအဖြစ် အသွင်ကူးတဲ့နေရာမှာ BOD ရဲ့ ဥက္ကဋ္ဌဟာ မူလပိုင်ရှင်တွေ ဖြစ်ကြတယ်။

BODမှာ ဥက္ကဋ္ဌရယ်၊ အတွင်းရေးမှူးရယ်ရှိဖို့လိုသလို အရေအတွက်အနေနဲ့မဂဏန်းရှိရမယ်။ စုံဂဏန်းဖြစ်ရင် မဲခွဲတဲ့အခါ အခက်အခဲရှိနိုင်ပါတယ်။

**၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံမှာ အစုရှယ်ယာဈေးကွက် ပေါ်ပေါက်လာမှာဖြစ်တယ်။ အခုလို ဈေးကွက်ရှိမှ အများပိုင်ကုမ္ပဏီတွေ ယခုထက်ပိုပြီးကြီးထွားလာမှာဖြစ်ပါတယ်။ အစုရှယ်ယာဈေးကွက် ပေါ်ပေါက်လာရင် အစုရှယ်ယာ အရောင်းအဝယ်တွေ ဖြစ်လာပါလိမ့်မယ်။ အခုတလော မြန်မာ့စီးပွားရေးလောကမှာ IPO ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲနေတာကို တွေ့ရပါတယ်။ IPO ရဲ့အဓိပ္ပာယ်က Initial Public Offering ကနဦး အများပိုင်ကုမ္ပဏီ အစုရှယ်ယာများ ရောင်းချခြင်းပဲဖြစ်ပါတယ်။**

BOD မှာExecutive နဲ့non-Executive ဒါရိုက်တာဆိုပြီး လုပ်ငန်းအတွင်း ထဲထဲဝင်ဝင်လုပ်တဲ့ ဒါရိုက်တာတွေနဲ့ လုပ်ငန်းနဲ့ပတ်သက်လာရင် ပြင်ပကနေအကြံပေးတဲ့ ဒါရိုက်တာတွေလည်း ရှိပါတယ်။ အရေးကြီးဆုံးအချက်က ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ လွတ်လွတ်လပ်လပ်သုံးသပ်ဆုံးဖြတ်နိုင်မယ့် အရည်အချင်းပဲ ဖြစ်တယ်။ လုပ်ငန်းရဲ့တိုးတက်မှုအတွက် မညာမတာပြောနိုင်ဆိုနိုင်၊ ဆောင်ရွက်နိုင်သူဖြစ်ဖို့ လိုအပ်ပါတယ်။

BOD ဖြစ်တဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေဟာ ပိုင်ရှင်တွေဖြစ်တဲ့ အစုရှယ်ယာဝင်တွေကိုယ်စား ကုမ္ပဏီကို ကြီးကြပ်ဦးဆောင်ပါတယ်။ အစုရှယ်ယာဝင်တစ်ဦးရဲ့ရပိုင်ခွင့်က တစ်နှစ်တစ်ကြိမ် အထွေထွေအစည်းအဝေးမှာ ဒါရိုက်တာအဖွဲ့ဝင်တွေကို ရွေးချယ်ပေးခွင့်ရှိခြင်းဖြစ်တယ်။ နောက်အခွင့်အရေးတစ်ခုက ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ အဆုံးအဖြတ်အပေါ်မူတည်ပြီး အမြတ်ရရှိတဲ့အခါ အမြတ်ဝေစုကို ခံစားခွင့်ရှိခြင်းဖြစ်တယ်။ အစုရှယ်ယာရှင်တွေရဲ့ အခွင့်အရေးဟာ တန်းတူဖြစ်ပါတယ်။ အစုတစ်ခုတည်းရှိသူနဲ့ အစုအများရှိတဲ့သူရဲ့ အခွင့်အရေးဟာ တန်းတူဖြစ်တယ်။

အစုရှယ်ယာရှင်(ပိုင်ရှင်)က ယုံကြည်တာဝန်ပေးတဲ့ ဒါရိုက်တာအဖွဲ့ဟာ လုပ်ငန်းရဲ့နေ့စဉ်လုပ်ရှားမှုကို တာဝန်ယူနိုင်မယ့် Chief Executive Officer (CEO)ကို ရွေးချယ်ခန့်ထားပြီး တာဝန်ပေးပါတယ်။ အလုပ်ရပ်ဆိုင်းခွင့် ရှိပါတယ်။ CEO အမှုဆောင်အရာရှိချုပ်ကို ခန့်ထားပြီးချိန်ကစပြီး ဒါရိုက်တာအဖွဲ့ဝင်များအနေနဲ့ လုပ်ငန်းအတွင်း ပါဝင်စွက်ဖက်ခွင့်မရှိတော့ပါဘူး။ CEO ကို လုံးဝတာဝန်ပေးပြီး ယုံယုံကြည်ကြည်နဲ့ လွှတ်ပေးဖို့လိုအပ်ပါတယ်။ ကုမ္ပဏီရဲ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားမှုဟာ CEO ရဲ့တာဝန်သာဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်များအနေနဲ့ ဝင်ရောက်ပတ်သက်ခွင့်မရှိပါဘူး။

အများပိုင်ကုမ္ပဏီဖွဲ့စည်းတဲ့အခါ အခုလိုအကြောင်းအချက်တွေနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲလိုက်ပြီး တစ်ဦးတည်းပိုင်လုပ်ငန်းပုံစံအနေနဲ့ ဆောင်ရွက်လုပ်ရှားလို့မဖြစ်ပါဘူး။ မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာခဲ့တာတွေ့ရပါတယ်။ အခုလိုပုံသဏ္ဌာန်အရ အများပိုင်ကုမ္ပဏီတွေဖြစ်ပေမယ့် လက်တွေ့မှာတော့ ခေါက်ရိုးကျိုးနေတဲ့ပုံစံအတိုင်း တစ်ဦးတည်းပိုင်ကုမ္ပဏီပုံစံနဲ့ စီမံအုပ်ချုပ်နေကြတာ တွေ့ရပါတယ်။ ဒါရိုက်တာအဖွဲ့သာဖွဲ့စည်းလိုက်တယ်။ ပိုင်ရှင်လုပ်တဲ့သူရဲ့ သြဇာအာဏာဟာ အရင်ပုံစံအတိုင်းဖြစ်နေတာ တွေ့ရပါတယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေအနေနဲ့လည်း နေ့စဉ်လုပ်ငန်းလှုပ်ရှားမှုတွေမှာ ပါဝင်နေတာတွေ့ရပါတယ်။

တစ်ခုတော့ရှိပါတယ်။ ပုံသဏ္ဌာန်အားဖြင့် ပြောင်းလဲလာတာဟာ ကြိုဆိုရမယ့် တိုးတက်ပြောင်းလဲမှုဖြစ်ပါတယ်။ ဒါပေမယ့် ပုံသဏ္ဌာန်ကနေ အနှစ်သာရပြည့်အောင် ကြိုးစားဖို့လိုပါလိမ့်မယ်။

၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံမှာ အစုရှယ်ယာဈေးကွက် ပေါ်ပေါက်လာမှာဖြစ်တယ်။ အခုလို ဈေးကွက်ရှိမှ အများပိုင်ကုမ္ပဏီတွေ ယခုထက်ပိုပြီး ကြီးထွားလာမှာဖြစ်ပါတယ်။ အစုရှယ်ယာဈေးကွက်ပေါ်ပေါက်လာရင် အစုရှယ်ယာအရောင်းအဝယ်တွေဖြစ်လာပါလိမ့်မယ်။ အခုတလော မြန်မာ့စီးပွားရေးလောကမှာ IPO ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲနေတာကို တွေ့ရပါတယ်။ IPO ရဲ့အဓိပ္ပာယ်က Initial Public Offering ကနဦး အများပိုင်ကုမ္ပဏီ အစုရှယ်ယာများ ရောင်းချခြင်းပဲဖြစ်ပါတယ်။

စီးပွားရေးတိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေက အများပိုင်ကုမ္ပဏီဖော်ထုတ်ဖို့ ပထမခြေလှမ်းနေတဲ့ IPO လုပ်ပါတယ်။ အဓိပ္ပာယ်ကတော့ တစ်ဦးတည်းပိုင်ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုကို အများပိုင်ဆိုင်မှုဖြစ်စေဖို့ အစုရှယ်ယာများ ရောင်းချခြင်းဖြစ်တယ်။ တစ်နည်းပြောရရင် မြေစမ်းခရမ်းပျိုးတဲ့သဘောဖြစ်တယ်။ မိမိရဲ့ကုမ္ပဏီအပေါ် ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားမှုရှိမရှိကို စမ်းသပ်တာဖြစ်တယ်။ IPO ဆောင်ရွက်နိုင်ဖို့ ကုမ္ပဏီတစ်ခုမှာ ရှိသင့်ရှိအပ်တဲ့ အရည်အသွေးမျိုးစုံကို သတ်မှတ်ထားပါတယ်။ ကုမ္ပဏီတစ်ခုဟာ ခပ်လွယ်လွယ်နဲ့ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလို့မဖြစ်ပါဘူး။ သတ်မှတ်ချက်တွေနဲ့ ညီညွတ်မှ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲခွင့်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အခုလိုစနစ်တကျစိစဉ်စစ်ဆေးမှုတွေ မရှိတဲ့အတွက် စိတ်တိုင်းကျအများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းလာကြတယ်။ ဘယ်လို အရည်အချင်းတွေနဲ့ပြည့်စုံမှ အများပိုင်ကုမ္ပဏီဖြစ်နိုင်မယ်ဆိုတာကို ကျကျနနသဘောမပေါက်ကြဘဲ ဆောင်ရွက်နေကြတာဖြစ်တယ်။

အရေးကြီးတဲ့အချက်က ပွင့်လင်းမြင်သာမှုရှိမှုနဲ့ အချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖော်ထုတ်မှုဖြစ်တယ်။ အများပိုင်ကုမ္ပဏီတစ်ခုဟာ ပွင့်လင်းမြင်သာမှုအပေါ် အခြေတည်ပါတယ်။ ယုံကြည်မှုရှိဖို့ဟာ ပဓာနကျပါတယ်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုအတွက် အများပိုင်ကုမ္ပဏီများ ဖော်ထုတ်မှုဟာသော့ချက်ဖြစ်တာမို့ စနစ်တကျ ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

# အဆင်ဆန်းဆန်းနှင့် ယဉ်လှတဲ့ ချင်းရိုးရာအထည်များ

**ကလေး စက်တင်ဘာ ၁၅**

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများကား အဆင်ဆန်းသည်။ ယဉ်လှသည်။ ရိုးရာယဉ်ကျေးမှုကိုလည်းပေါ်လွင်သည်။ တိုင်းရင်းသားသည် တိုင်းရင်းသားဝတ်စုံဝတ်မှ အလှပေါ် အယဉ်ဆင့်၍ ပန်းတင့်တယ်ပေသည်။ ချင်းကလည်း ချင်းဝတ်စုံဝတ်မှ၊ ကချင်ကလည်း ကချင်ဝတ်စုံဝတ်မှ၊ မွန်ကလည်း မွန်ဝတ်စုံဝတ်မှ ပို၍ကြည့်ကောင်းသည်။ ယနေ့မြန်မာမိန်းကလေးတို့သည် ပွဲသွား၊ ပွဲလာ၊ ပွဲတက်များတွင် မိမိတို့၏ ရိုးရာဝတ်စုံများကို အမြတ်တနိုးတန်ဖိုးထားကာ ဆင်မြန်းနေကြကြောင်း တွေ့ရှိရသည်။**(ယာပုံ)**

ချင်းတိုင်းရင်းသားဝတ်စုံတို့၏ ဈေးနှုန်းနှင့်ဆင်မြန်းမှုကို မေးကြည့်ခဲ့ရာတွင် ချင်းအမျိုးသမီးဝတ် ထီနီးလုံချည်တစ်ထည်လျှင် ငွေကျပ် ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ရှိကြောင်း၊ ရိုးရာဒူးနားဆိုလျှင်ငွေကျပ် ၄၅၀၀၀ ရှိကြောင်း၊ အိပ်ဇောဆင်ဆိုလျှင် ငွေကျပ် ခုနစ်သောင်းရှိကြောင်း၊ သက်မွန်မြင့် အဆင်ဆိုတာလည်းရှိကြောင်း ဟားခါးမြို့မှ ချင်းရိုးရာအထည်ဆိုင်က ပြောပြသည်။

ဟားခါးချင်းရိုးရာဝတ်စုံတွင် လုံချည်၊ အင်္ကျီ၊ လက်ကောက်၊ ခေါင်းပတ်၊ ဆွဲကြိုး၊ ခါးပတ်ကြိုး၊ တဘက် အပြည့်အစုံဆိုလျှင် ကျပ်သိန်း ၅၀ ခန့်ရှိကြောင်း၊ ထိုအထဲမှဈေးနှုန်းများအနေဖြင့် တဘက်အကြီးဆိုလျှင် ငွေကျပ် ၁၂၀၀၀၀၊ ခေါင်းပတ် ငွေကျပ် ၂၀၀၀၀၊ လက်ကောက်ငွေကျပ် ၄၀၀၀၀၀၊ ခါးပတ်ငွေကျပ် ၃၅၀၀၀၀၊ တီဆွဲလ်ခေါ် ခါးပတ်ကြိုး ၁၀သိန်း၊ ဆွဲကြိုးငွေကျပ် ၅၀၀၀၀ ဈေးနှုန်းများရှိကြောင်း သိရသည်။ **သျှင်နေမင်း**



# စီးပွားရေးပညာရပ်ဆိုင်ရာဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၅**

ယနေ့မြန်မာလူငယ်လူရွယ်များအနေဖြင့် တိုင်းပြည်တွင် ပြောင်းလဲဖြစ်ပေါ်ဆဲဖြစ်သော အခြေအနေများ၊ အခွင့်အလမ်းနယ်ပယ်များစွာတို့အနက် မိမိတို့ကိုယ်တိုင်အားထုတ်ကာ အကောင်းဆုံးရွေးချယ်ကြိုးစားခြင်းဖြင့် မိမိ၏ကောင်းမွန်သောအနာဂတ်ကိုအသုံးချ၍ ခိုင်မာစွာဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက်လည်း အဖိုးတန်သော လူသားအရင်းအမြစ်များရရှိကာ နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်းကို စီးပွားရေးပညာရပ်ဆိုင်ရာဆွေးနွေးဟောပြောပွဲတွင် မြန်မာ့အလင်းနှင့်တွေ့ဆုံစဉ် ဒေါက်တာမျိုးညွန့်(ကထိကငြိမ်း-စီးပွားရေးတက္ကသိုလ်)က ၎င်း၏အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

ဟောပြောပွဲကို မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းနှင့် စီးပွားရေးတက္ကသိုလ် (၁၉၉၄-၁၉၉၅) ဘွဲ့ရများအသင်းတို့ကဦးစီး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ရန်ကုန်တက္ကသိုလ် (ပင်မ) နီလာရတုခန်းမ၌ စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**

ပြည်တွင်းသတင်း



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဧည့်သည်တော်များနှင့် သံတမန်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူ့ကိုယ်စားလှယ်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်နိုင်ငံများအနက် နိုင်ငံပေါင်း ၁၆၂ နိုင်ငံက ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက် ရှိကြပါကြောင်း၊ ယခုလို ကျင့်သုံးနေခြင်းကို ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ အစိုးရများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်နှင့် ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားနေစေရန်အတွက် လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်များကို ယနေ့ကာလတွင်သာမက အနာဂတ်ကာလတွင်လည်း အစဉ်အမြဲလုပ်ဆောင်ရန် နှိုးဆော်တိုက်တွန်းပေးသည့် အနေဖြင့်လည်းကောင်း၊ ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ် စက်တင်ဘာ ၁၅ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ်သတ်မှတ်ပြီး နိုင်ငံအလိုက် အထိမ်းအမှတ် အခမ်းအနားများ ပြုလုပ်ရန် ၂၀၀၇ခုနှစ် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ဒီမိုကရေစီနေ့ကျင်းပရန် ရက်သတ်မှတ်ရွေးချယ်ရာတွင် ပါလီမန်အမတ်များသမဂ္ဂ (Inter-Parliamentary Union-IPU)က အပြည်ပြည်ဆိုင်ရာဒီမိုကရေစီ ကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကို ဂုဏ်ပြုရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို ခံယူကျင့်သုံးလျက်ရှိကြသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ၂၀၀၈ ခုနှစ်မှစပြီး စက်တင်ဘာ ၁၅ ရက်ကျရောက်တိုင်း လွှတ်တော်များက ဦးဆောင်မှုပြုကာ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ကြသည်မှာ ယခုနှစ်တွင် (၆) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့တဲ့ ၂၀၁၁ ခုနှစ်မှစပြီး ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် (၃) ကြိမ်မြောက်ရှိလာပြီ ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်၌ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးမှုကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ လောက်က ဂရိမြို့ပြနိုင်ငံများမှ အစပြုခဲ့ပါကြောင်း၊ နိုင်ငံသားတိုင်း သတ်မှတ်နေရာတစ်ခုတွင်စုဝေးကြပြီး ကြုံတွေ့ရသော ပြဿနာများအပေါ် ဆွေးနွေးကြပါကြောင်း၊ အများစုဆုံးဖြတ်သည်ကို သက်ဆိုင်သူအားလုံးက လိုက်နာဆောင်ရွက်ကြရပါကြောင်း၊ ယခုလိုဆောင်ရွက်ကြရာမှ နိုင်ငံသားအားလုံးကို တစ်နေရာတည်းတွင် စုစည်းရန် အခက်အခဲများကြုံတွေ့လာသည့်အတွက် စုစည်းနိုင်သည့် အရေအတွက်ကိုသာ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်သတ်မှတ်ပြီး ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ကြရသည့် ကိုယ်စားပြု ဒီမိုကရေစီစနစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါကြောင်း၊ အများစု၏ဆန္ဒသည် အားလုံး၏ဆန္ဒဟုခံယူကျင့်သုံးခဲ့ကြသော်လည်း အနည်းစု၏ဆန္ဒကိုလည်း ပစ်ပယ်၍မရသည့်အတွက် တစ်ဦးချင်း၏ အခြေခံလွတ်လပ်ခွင့်များ မထိပါးအောင်၊ လူများစုက လူနည်းစုကို အနိုင်မကျင့်ရအောင်၊ နိုင်ငံတော်ကို စီမံခန့်ခွဲရာမှာ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်အောင်၊ အုပ်ချုပ်သူအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများ၊ အုပ်ချုပ်ခံပြည်သူများ၏ ရပိုင်ခွင့်အခွင့်အရေးများကို ဖော်ပြပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲသတ်မှတ်လာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီကျင့်သုံးသော ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပါကြောင်း၊ ယနေ့နိုင်ငံအလိုက် ကျင့်သုံးနေကြသည့် ဒီမိုကရေစီစနစ်များသည် မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းကြောင်း နောက်ခံပထဝီနိုင်ငံရေးနှင့် စီးပွားရေးအနေအထားများအပေါ် မူတည်ပြီး မိမိနိုင်ငံနှင့် ပြည်သူများ အကျိုးစီးပွားအတွက် ရွေးချယ်ကျင့်သုံး ကြခြင်းဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံရေးပညာရှင်များ၏ လေ့လာချက်အရ ကမ္ဘာပေါ်တွင် ဒီမိုကရေစီ အမျိုးအစားပေါင်း ၃၅ မျိုးရှိနေသည်ဟု သိရှိရပါကြောင်း၊ မည်သို့ပင် အမျိုးအစားကွဲပြားမှုရှိကြသော်လည်း ဒီမိုကရေစီသည် ပြည်သူများအတွက် ပြည်သူများ၏ အရေးအရာကိစ္စများကို ပြည်သူတို့က အုပ်ချုပ်သောစနစ် ဖော်ဆောင်ခြင်းသာဖြစ်ပါကြောင်း၊ ပြည်သူများက ပြည်သူ့ကိုယ်စားလှယ်များကို အခြေခံစည်းမျဉ်းများနှင့်အညီ ရွေးချယ်တင်မြှောက်ပေးပြီး ကိုယ်စားလှယ်များက ရွေးချယ်အတည်ပြုပေးသူများနှင့် ပြည်သူများ၏ကိုယ်စား နိုင်ငံတော်စီမံခန့်ခွဲရေးကို ဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ညင်သာစွာအသွင်ကူးပြောင်းခဲ့သောနိုင်ငံ ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်တိုင်ယုံကြည်လက်ခံ ကျင့်သုံးနေပြီဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ခိုင်မာအောင်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို တိုးတက် ဖော်ဆောင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာကြသော ပါတီများ၊ ပြည်သူများက ဆန္ဒပြုရွေးချယ်ပေးသူများနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ၊ လွှတ်တော်များက အတည်ပြုရွေးချယ်ပေးလိုက်သော အစိုးရအဖွဲ့များသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မိမိတို့အပေါ်ကျရောက်လာသော တာဝန်များကို တတ်နိုင်သမျှပိုင်းခြားဆောင်ရွက်ခြင်း၊ မတိမ်းမစောင်းရလေအောင် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြင့် ဝိုင်းဝန်းပေါင်းစည်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များ ကျင့်သုံးရာမှာ လွှတ်တော်များ၏ အရည်အချင်းများ မြင့်မားတိုးတက်လာအောင်လည်း ဖတ်ရှုလေ့လာခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ နိုင်ငံတကာလွှတ်တော်များသို့ သွားရောက်လေ့လာခြင်း၊ သင်တန်းနှင့်လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများ၏ အကျိုးအတွက် ပြည်သူများကို အခြေပြုပြီး ပြည်သူများ၏ ရွေးချယ်မှုနှင့်ပေါ်ပေါက်လာကြသည့်အဖွဲ့အစည်းများ ဖြစ်ကြသည့်အတွက် ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်များကို သိရှိအောင် ကြိုးပမ်းနေကြရမည် ဖြစ်သကဲ့သို့ အခြေအနေ အချိန်အခါအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြရမည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် ပါလီမန်အမတ်များသမဂ္ဂ (IPU)က ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **“Strengthening Voices for Democracy ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ပေး”**ဖြစ်ပါကြောင်း၊ ပြည်သူများသည် ကိုယ်တိုင်ရင်ဆိုင်ဖြတ်သန်းလာကြရသော ဘဝအတွေ့အကြုံ၊ ဘဝအတွေ့အကြုံကပေးအပ်လာသည့် အသိတရား၊ မှန်ကန်သော အသိတရားများအပေါ် အခြေပြုသည့်ဆန္ဒများ ရှိနေကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များနှင့် ထင်မြင်သုံးသပ်ချက်များကို ထင်ဟပ်သည့် ပြည်သူ့အသံများကို လွှတ်တော်များနှင့် အစိုးရများမှ သိရှိနိုင်ရေးအတွက် မြှင့်တင်အားပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အသံသည် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မှန်ကန်မျှတသော အသံများဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားနှင့်ကင်းလွတ်ပြီး မိမိအကျိုးစီးပွားအတွက် ဆန္ဒစွဲ၊ အတ္တစွဲ၊ အာဃာတများဖြင့် လှုံ့ဆော်မှု၊ စည်းရုံးမှုများကိုလည်း ပြည်သူများက မှန်ကန်သည့်အသိတရားနှင့် စဉ်းစားချင့်ချိန် သုံးသပ်နိုင်စွမ်းရှိကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအတွင်း ပင်ကိုဆင်ခြင်နိုင်မှု အရည်အသွေးများ တိုးပွားလာစေရေးနှင့် ဒီမိုကရေစီအလေ့အထများ ရှင်သန်နေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်သူအားလုံး၏ အဓိကရည်မှန်းချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားများ၏ လူမှုဘဝ ဖူလုံပြည့်စုံစေရေးဖြစ်ပါကြောင်း၊ အဆိုပါရည်မှန်းချက်များကို အကောင်အထည် ဖော်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာကို တာဝန်ခံရသည့် လွှတ်တော်များ၊ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်အသုံးပြုရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအာဏာကို တာဝန်ခံရသည့် တရားရုံးများ၊ ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ၊ ပြည်သူများ၏ အားပေးထောက်ခံမှုနှင့် ပေါ်ပေါက်လာသည့် ပါတီများအနေဖြင့် မွန်မြတ်သည့် အသိတရား၊ ဆင်ခြင်တုံတရားများနှင့်ယှဉ်ပြီး ပြည်သူ့အသံများ ပေါ်ထွက်လာအောင် ဝိုင်းဝန်းမြှင့်တင် ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ၏အသံက ဖော်ပြနေသည့် ပြည်သူများ၏ ဘဝ၊ ဆန္ဒနှင့် လိုအပ်ချက်များ မျှတစွာရရှိအောင် အခြေအနေပေးမှုအပေါ် မူတည်ပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် စနစ်သစ်တစ်ခုကို ကူးပြောင်းခါစအချိန်တွင် ပြည်သူများသည် မျှော်လင့်ချက်များ ကြီးကြီးမားမားရှိနေတတ်သည်မှာ သဘာဝကျပါကြောင်း၊ မျှော်လင့်ချက်ကြီးမားနေသည့် ပြည်သူများသည် မျှော်တော်ဇောနှင့်မောမသွားရန်လိုပါကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်များသည် ပထမဦးစွာ ပြည်သူများ၏ စိုးရိမ်သောကများကို ပြတ်ပြတ်သားသား ဖြေရှင်းရဲရမည်ဖြစ်ပါကြောင်း၊ အထူးအားဖြင့် လူများစုဖြစ်သော တောင်သူလယ်သမားနှင့် ဆင်းရဲသားဖြစ်သည့် အောက်ခြေ အလုပ်သမားတို့၏ အရေးကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ မူဝါဒမှန်သမျှ သူတို့၏ အကျိုးစီးပွားပါရန် လိုပါကြောင်း၊ ဒုတိယအားဖြင့် ခုရေတွင်းတူး ခုရေကြည်သောက်၊ ခုချက်ချင်း ပဒေသာပင်ပေါက်လာမည် မဟုတ်သော်လည်း ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် သက်သာ ချောင်ချိရေးအတွက် မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ ထိုမှသာ ပြည်သူများပျော်ရွှင်ကြမည်ဖြစ်ပါကြောင်း၊ လောကနိဗ္ဗာန်ကို တဖြည်းဖြည်းသွားနေရင်း တစ်နေ့ပြီး တစ်နေ့ တစ်ရက်ထက်တစ်ရက် ပျော်ရွှင်လာကြမည် ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဒီမိုကရေစီလမ်းကြောင်းကို ပျော်ပျော်ရွှင်ရွှင် ချီတက်နိုင်ကြရန် လိုပါကြောင်း။

ဒီမိုကရေစီစနစ်တွင် ပြည်သူသည် သော့ချက်နေရာ၌ ရှိပါကြောင်း၊ သော့ချက်နေရာ၌ရှိသော ပြည်သူသည် ဒီမိုကရေစီစနစ်နှင့် ယဉ်ပါးပြီး နေရာတကာတွင် လက်တွေ့ကျင့်သုံးလေ့ရှိရမည် ဖြစ်ပါကြောင်း၊ အထက်အောက်ဆက်ဆံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်သဝဏ်လွှာကို ၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (Inter-Parliamentary Union -IPU)ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ကို ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ စာတမ်းကို သက်ဆိုင်ရာ ကိုယ်စားလှယ်က ဖတ်ကြားစဉ်။ (သတင်းစဉ်)



တအာင်း (ပလောင်) အမျိုးသားပါတီ၏ စာတမ်းကို သက်ဆိုင်ရာ ကိုယ်စားလှယ်က ဖတ်ကြားစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး… စာတမ်းကို သက်ဆိုင်ရာကိုယ်စားလှယ်က … စဉ်။ (သ…

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ယာဉ်တိုက်မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်သူများစွာရှိနေ၍ စည်းကမ်းပိုမိုကောင်းမွန်စေရေး၊ ယာဉ်တိုက်မှုအန္တရာယ်များ လျော့ပါးစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ယာဉ်စည်းကမ်းများ လိုက်နာစေရေး ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ယာဉ်ထိန်းတပ်ဖွဲ့များ ပူးပေါင်း၍ ဖမ်းဆီးစစ်ဆေးအရေးယူမှုများ ဆောင်ရွက်စေခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက စက်တင်ဘာ ၁၃ ရက်က ပြောကြားလိုက်သည်။

ကျင်းပဆဲတိုင်းဒေသကြီးလွှတ်တော် ဒုတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်ရာတွင် ပြစ်မှုတွေ့ရှိ၍ အရေးယူခံရသော ယာဉ်များ၊ ဆိုင်ကယ်များကို ယာယီ ၃ ရက်မှ ၅ ရက်အထိ ထိန်းသိမ်းထားခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ် တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

ဖမ်းဆီးအရေးယူမှုများကို ရုံးဖွင့်သည့်နေ့ရက်များတွင် နေ့ချင်းပြီး တရားရုံးများမှ အရေးယူအပြစ်ပေးရန် ဖြစ်ပြီး၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် အဆိုပါဖမ်းဆီးအရေးယူသည့် အမှုကိစ္စများအတွက် တရားသူကြီးများအား သီးခြားအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထိုသို့အရေးယူဆောင်ရွက်ရာတွင် အမှုဖြင့်သိမ်းဆည်းထားသော ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များအား အမှုရင်ဆိုင်ခြင်းမရှိ၍ အမှုလက်ကျန်များဖြစ်ပေါ်နေပြီး ရက်ပေါင်း ၉၀ အတွင်း ရဲမှုလာရောက်ရင်ဆိုင်ခြင်းမရှိသည့် ယာဉ်မောင်းနှင့် ယာဉ်/ဆိုင်ကယ်တို့ကို လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပါက ရဲမှုရှိနေကြောင်း၊ ရဲမှုဆိုင်ပြီးပြတ်မှသာ သက်တမ်းတိုးဆောင်ရွက်ပေးရန် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းလျက်ရှိကြောင်းဖြင့်လည်း ဝန်ကြီးက ထည့်သွင်းဖြေကြားသွားသည်။



မော်တော်ယာဉ်ဥပဒေများအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများအား စစ်ဆေးအပြစ်ပေးရန်အတွက် အချို့သော ဖြစ်စဉ်များတွင် ယာဉ်နှင့်မော်တော်ဆိုင်ကယ်များကို ယာယီ ၃ ရက်မှ ၅ ရက်အထိ သိမ်းဆည်းခွင့်ရှိသဖြင့် ရုံးပိတ်ရက်များတွင် စစ်ဆေးဖမ်းဆီးထားရှိရန် လိုအပ်သည့် ဖြစ်စဉ်များအတွက် အဆိုပါယာဉ်နှင့် ဆိုင်ကယ်များကို ထိန်းသိမ်းထားရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

မန္တလေးမြို့တော်တွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တစ်နေ့တခြားပိုမိုများပြားလာပြီး ယာဉ်မတော်တဆမှု၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကို ယခုထက်ပိုမို၍ ကြပ်မတ်ဆောင်ရွက်ရန် လိုလားကြောင်း မန္တလေးဒေသခံများထံမှ သိရသည်။

**ဒီစီအီး(မန္တလေး)**

# ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတင်းတိုကောက်နုတ်ချက်

**မန္တလေး စက်တင်ဘာ ၁၅**

➢ စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာအုပ်စု ကွင်းအမှတ် ၉၉-က၊ ၉၉-ခ ရှိစိုက်ပျိုးဧရိယာများကို ရေရရှိရေးဆောင်ရွက်ထားခဲ့သော အရပ်ခေါ် ကျောက်ဖော၊ ဌာနအခေါ် Check Tate မှာ အရွယ်အစားသေးငယ်၍ ပျက်စီးနေခြင်းကြောင့် ပြင်ဆင်ပေးရန်လိုအပ်ကြောင်း၊ ကျောက်ဖောပြင်ဆင်ခြင်းနှင့် တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျမည့်ငွေမှာကျပ်သိန်း ၅၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်။

➢ မြစ်သားမြို့နယ် ကန်တော်၊ နွားလျာရိုး၊ လက်ပံဆိပ်၊ ဗျင်ကြီး၊ ညောင်ဂျစ်၊ တမာပင်၊ နွားဖြူငယ်၊ အေးစိန့်ကျေးရွာများနှင့် လယ်မြေဧက ၂၅၄၄ ခန့် ရေနစ်မြုပ်မှုမှ ကာကွယ်ရန် သင်ပုန်းချောင်းအတွင်း ရေလမ်းကြောင်းလွှဲရန် ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏမှာ ခန့်မှန်းတွက်ချက်မှုအရ ရေကာတာပေါင်တည်ဆောက်ခြင်း မြေကြီးကျင်း ၂၀၀၀၀၀ ကျင်း၊ ရေလမ်းကြောင်းလွှဲခြင်း၊ မြေကြီးကျင်း ၁၄၅၀၀၀၀ ကျင်းဖြစ်ပြီး လုပ်ငန်းပမာဏကြီးမားပါသဖြင့် တောင်သူများနှင့် ဆွေးနွေးသဘောတူညီမှုရရှိပြီးပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သွားနိုင်ရန်အတွက် လ ၃၀ အတွင်းဆောင်ရွက်မည့် လုပ်ငန်းများစာရင်းတွင်လည်း ဦးစားပေးထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

➢ မြစ်သားမြို့နယ် ငွေ့ကျေးရွာအုပ်စုရှိ ရွာသာအေးကျေးရွာ၊ ကျောက်ဆောက်ကုန်းကျေးရွာနှင့် အခြားကျေးရွာများမှ ပြည်သူများသွားလာရေး၊ လယ်ယာထွက်ကုန်သယ်ယူရေးအတွက် သစ်သားတံတားတစ်စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိရေးဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ၊ သက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် သတ္တမအကြိမ်မြောက် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၄ရက်က မန္တလေးမြို့ ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပိတောက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌပါမောက္ခဒေါက်တာစိုးထွန်းနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က အမှာစကား ပြောကြားသည်။

**ချီးမြှင့်**

ယင်းနောက် စစ်တုရင်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးလှူဒါန်းကူညီပေးကြသော အားကစားဝါသနာရှင် အလှူရှင်များအား တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြို့နယ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲ သက်တမ်းအလိုက် စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲနှင့် မန္တလေးအိုးပင်းစစ်တုရင်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စစ်တုရင်ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အမျိုးသမီးစစ်တုရင် အသင်းလိုက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင်အသင်းလိုက်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတို့၌ တိုင်းတံခွန်စိုက် ပထမဆုနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ခုနစ်နှစ်ဆက်တိုက် ပထမဗိုလ်စွဲခဲ့သော ချမ်းမြသာစည်မြို့နယ်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်က တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေးကိုယ်ပွား)**



# တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မန်စီ စက်တင်ဘာ ၁၅**

ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်း တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန်စီမြို့ မောရဝတီရပ်ကွက် လဝကရုံးအနီး၌ ဆိုင်ကယ်များဖြင့်တင်ဆောင်လာသည့် ကျွန်းနှင့်တမလန်းသစ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် ည ၁၁ နာရီက မန်စီရဲစခန်းမှ ဒုရဲအုပ်သိန်းထူးအောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မန်စီမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းခိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်တင်ဆိုင်ကယ်များ ဖြတ်သန်းသွားလာတတ်သော လဝကရုံးဘေးအနီးတွင် စောင့်ဆိုင်းနေစဉ် သစ်များတင်ဆောင်လာသည့် ဆိုင်ကယ်များသည် ပူးပေါင်းအဖွဲ့ကို မြင်တွေ့ရသည်နှင့်တစ်ပြိုင်နက် ဆိုင်ကယ်များကို လှဲချထွက်ပြေးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်လေးစီးနှင့်အတူ ကျွန်းနှင့်တမလန်းသားဆိုက်စုံ ၄၄ ချောင်း ၀ ဒသမ ၅၄၅ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**လူပိုး(မန်စီ)**



# ဟောပြောပွဲနှင့် ဆိုင်ကယ်ဦးထုပ်များလှူဒါန်း

**စစ်ကိုင်း စက်တင်ဘာ ၁၅**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ဆိုင်ကယ်ဦးထုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းမြို့နယ် အုံးတောရွာအခြေခံပညာအထက်တန်းကျောင်း မေယုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးကျော်ခိုင်ထွန်းက ယာဉ်တိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သိမှတ်စရာများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ အမှတ်(၆၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်မင်းအောင်က ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် လမ်းအသုံးပြုသူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အသက်အန္တရာယ်ထိခိုက်မှုမဖြစ်စေရန် ထိန်းသိမ်းကာကွယ်ပေးထားသော တာဝန်ရှိသူများဖြစ်သည့်အတွက် လမ်းအသုံးပြုသူကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အတိအကျလိုက်နာကြရန် ရှင်းလင်းအသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအတွက် ဆိုင်ကယ်စီးရာတွင် အသက်အန္တရာယ်ကင်းစေရန် ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၅၀ ကို ရဲအုပ်မင်းအောင်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်က လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပွဲ အခမ်းအနားသို့ ဆရာ ဆရာမ ၁၇ဦးနှင့် ကျောင်းသားကျောင်းသူ ၄၅၇ ဦး တက်ရောက်ကြပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(၁၃၇)**

# မက်သာဒုံးဆေးဝါး အစားထိုး တိုက်ကျွေးကုသမှုဆွေးနွေး

**ကလေး စက်တင်ဘာ ၁၅**

ကလေးခရိုင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီး မူးယစ်ဆေးစွဲရောဂါကုဌာနနှင့် မူးယစ်ဆေးစွဲသူလူနာများအား မက်သာဒုံး (Methadone) ဆေးဝါး အစားထိုး တိုက်ကျွေးကုသမှုနှင့် စပ်လျဉ်း၍ အသိပေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ကလေးမြို့ ပြည်သူ့ဆေးရုံကြီး ကြက်ခြေနီခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မက်သာဒုံးအစားထိုးဆေးဝါး တိုက်ကျွေးရေးစီမံချက်တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက်ရှိကြသော ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ စိတ်ကျန်းမာရေးဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးလူမှုဆက်ဆံရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာန၊ စိတ်ကျန်းမာရေးဆေးရုံကြီး ရန်ကုန်မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာလှဌေးက မက်သာဒုံးဆေးဝါးအစားထိုးတိုက်ကျွေးကုသမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယနေ့အထိ မြန်မာနိုင်ငံတွင် မက်သာဒုံးအစားထိုးဆေးဝါး တိုက်ကျွေးရေးဌာန ၁၈ ခုဖွင့်လှစ်ခဲ့ပြီး ထပ်မံတိုးမြှင့်ဖွင့်လှစ်ရန်ဌာန ၁၀ ခုနှင့် စုစုပေါင်းဌာန ၂၈ ခုရှိလာမည်ဖြစ်ရာ ၂၀၁၃ ခုနှစ်ကုန်တွင် မက်သာဒုံးအစားထိုးဆေးဝါးတိုက်ကျွေးသည့် လူနာဦးရေ ၃၇၀၀ သတ်မှတ်ထားခဲ့ရာမှ ယခုအချိန်တွင် လျာထားချက်ပြည့်မီကျော်လွန်ပြီးဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဟောပြောပွဲကျင်းပ

**ဖောင်းပြင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မောက်စဖာအုပ်စု မောက်စဖာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ မြို့နယ်(လ-ဝ-က)ဦးစီးဌာနမှူး ဦးနိုင်ဝင်းကျော်က ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇေယျာဝင်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းနှင့် မြို့နယ်ဆက်သွယ်ရေး တယ်လီဖုန်းတာဝန်ခံ ဦးတင်ငွေက မြို့နယ်အတွင်း မြစ်ရေဝင်ရောက်သည့် ရပ်ကွက်/ကျေးရွာအုပ်စုများ၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ပြည်သူများ လုပ်ဆောင်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချုံတောအတွင်း၌ မူးယစ်ဆေးသုံးသူများအား ဖမ်းဆီး

**ဗန်းမော် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ဗန်းမော်ခရိုင်(မူခင်း)အထူးနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်အောင်အောင်နှင့်အဖွဲ့ ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီးမြင့်နိုင်တို့သည် သက်သေများနှင့်အတူ ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာတောင်ဘက် လေးဖာလုံခန့်အကွာ ချုံတောအတွင်းတွင် တွေ့ရသူ လှညွှန့်(ခ)ကိုပို (၃၀ နှစ်)၊ တူးမိုင် (ခ) သင်းဆွေ (၁၈နှစ်)၊ နေလင်းထွတ်(ခ)သားငယ် (၂၀နှစ်)၊ အဒူးဘိုင်(ခ)အဒူးကလင်း (၃၆ နှစ်)၊ မျိုးမင်း(ခ)သားငယ် (၂၄ နှစ်)တို့အားစစ်ဆေးရှာဖွေရာ လှညွှန့် (ခ) ကိုပု (၃၀နှစ်) ဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီအတွင်း၌ ဘိန်းဖြူဟုယူဆရသော ဖြူဝါကျားမှုန့် ၀ ဒသမ ၃ ဂရမ်နှင့် ၀ဒသမ ၄ ဂရမ်ပါ ပင်နီဆီလင်ပုလင်းနှစ်ပုလင်းနှင့် မူးယစ်ဆေးဝါးရောင်းချရငွေဟုယူဆရသော ငွေစက္ကူရောရာ ၄၈၀၀၀ ကျပ်ကိုလည်းကောင်း ၊ တူးမိုင်(ခ)သင်းဆွေ(၁၈နှစ်) ဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီဘယ်ဘက်အိတ်ကပ်အတွင်း၌ ပင်နီဆီလင်အလွတ်သုံးပုလင်းနှင့် ငွေစက္ကူရောရာ ၁၃၅၀၀၀ တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗန်းမော်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဥပဒေပုဒ်မဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မင်းတံတားသား**

## လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရန် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်ဖို့လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ စက္ကူစက်ရုံ (စစ်တောင်း)သို့ သွားရောက်ရာ စက်ရုံအစည်းအဝေးခန်းမ၌ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်နှင့် စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များကုမ္ပဏီသို့ ငှားရမ်းမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် State Own Enterprise (SOE) လုပ်ငန်း ၁၄၀ ကျော် ပိုင်ဆိုင်သည့် ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ SOE လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အချို့စက်ရုံများကို ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တို၊ နှစ်ရှည်ငှားရမ်းခြင်း၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်းများဆောင်ရွက်ခဲ့ရာ စက်ရုံ ၇၀ ကျော်ပြီဖြစ်ကြောင်း၊ စက္ကူစက်ရုံ (စစ်တောင်း)ကိုလည်း ကုမ္ပဏီသို့ ငှားရမ်းခဲ့သဖြင့် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ကို သိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ တွေ့ကြုံနေရသည့်အခက်အခဲများကို မည်ကဲ့သို့ ဖြေရှင်းကျော်လွှားသင့်သည်ကို ဝိုင်းဝန်းစဉ်းစားကြဖို့ လိုအပ်ကြောင်း၊ လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရန် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်ဖို့လည်း လိုအပ်ကြောင်း၊ စက်ရုံပြုပြင်ပြောင်းလဲရေးနှင့် စက်မှုဇုန် တည်ဆောက်ရေးတို့ကို ကော်မတီတစ်ရပ်ကို စနစ်တကျဖွဲ့စည်းပြီး ကော်မတီ၏တွေ့ရှိချက်၊ အကြံပြုသုံးသပ်တင်ပြချက် အစီရင်ခံစာအပေါ် မူတည်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို Rule and Regulation များနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မည်သို့ပင်ဆောင်ရွက်စေကာမူ ဝန်ထမ်းများအတွက် အာမခံချက်ရှိစေမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘီးလင်းသကြားစက်ရုံသို့သွားရောက်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးမှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ တစ်ခုတည်းသော သကြားစက်ရုံဖြစ်ပြီး နှစ်ပေါင်း ၄၀ ကျော် ရှင်သန်ရပ်တည်လာခဲ့သည့် အစဉ်အလာရှိသည့်စက်ရုံဖြစ်ကြောင်း၊ ဘီးလင်း၊ ကျိုက်ထို၊ သထုံသုံးမြို့နယ်ရှိ ကြံတောင်သူများ၊ စက်ရုံရှိ ဝန်ထမ်းများနှင့် ကုမ္ပဏီတို့အတွက် စက်အမြန်ဆုံးလည်ပတ်နိုင်ရေးကို ဝိုင်းဝန်းကြိုးစားလုပ်ဆောင်သွားရမှာဖြစ်ကြောင်း၊ စက်ရုံကြီးအကြီးစားပြင်ဆင်ရန် နားထားစဉ်ကာလအတွင်း စက်ကွဲခိုင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရန်လိုအပ်ကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းကြံများရရှိရေး ကြံစိုက်တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ကာ ကုမ္ပဏီနှင့်ပူးပေါင်း၍ မျိုးကောင်း မျိုးသန့်နှင့် နည်းပညာများကို ပံ့ပိုးကူညီပေးသွားရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာပြည်နယ်အစိုးရမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ပြီး မိမိတို့၏ဆောင်ရွက်ချက်များ၊ မိမိတို့၏လိုအပ်ချက်များနှင့် အခက်အခဲများကိုတင်ပြ ဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာနနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသော ဘီးလင်းစက်မှု အရက်ပြန်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် (စက်မှုသုံးအရက်ပြန်စက်ရုံ)သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြောက်ဦးမြို့တွင် ဆရာတော်ဦးဥတ္တမ ကြေးရုပ်စိုက်ထူမည်

**မြောက်ဦး စက်တင်ဘာ ၁၅**

မြန်မာ့လွတ်လပ်ရေးမျိုးစေ့ကို စိုက်ပျိုးခဲ့သော လွတ်လပ်ရေးမီးရှူးတန်ဆောင် အာရှတစ်ခွင်ခရီးနှင်ကာ အာရှတိုက်သားတို့လွတ်လပ်ရေးရရှိရေးနှင့် အမျိုးသားစိတ်ဓာတ်တက်ကြွရေးအတွက် လမ်းပြပေးခဲ့သော အာရှနေဝန်းနီဆရာတော် ဦးဥတ္တမကြေးရုပ်တုကို ရခိုင်ပြည်နယ်မြောက်ဦးမြို့တွင် စိုက်ထူမည်ဖြစ်သည်။

ကြေးရုပ်တုအရွယ်အစားမှာ အမြင့်ခြောက်ပေ၊ အောက်ခံ ကျောက်ခုံမှာ လေးပေပတ်လည်ဖြစ်ပြီး ဆရာတော်ဦးဥတ္တမ သပိတ်ပိုက်လျက်ရပ်နေပုံ သွန်းလောင်းမည်ဖြစ်သည်။ အောက်ခံကျောက်ခုံ၏ ရှေ့မျက်နှာတွင် ဆရာတော်၏ အတ္ထုပ္ပတ္တိ၊ ဘေးတစ်ဖက်တစ်ချက်စီတွင် ဆရာတော်ပြောကြားခဲ့သော စကားများနှင့် နောက်ဘက်တွင် အလှူရှင်များ၏စာရင်းကို ကမ္ပည်းထိုးထားပေးမည်ဖြစ်သည်။

ကြေးရုပ်တုထားရှိမည့်နေရာမှာ သျှစ်သောင်းဘုရား၏ဘေးဘက်ရှိ အနော်မာပန်းခြံတွင်ဖြစ်သည်။ ငွေကျပ်သိန်း ၂၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး မတည်ငွေကျပ်သိန်း ၂၀ ကို မောင်မောင်စိုးနှင့် ဇနီးမိသားစု (မြရတနာ ရွှေဆိုင်) မြောက်ဦးမြို့က လှူဒါန်းထားသည်။ ကြေးရုပ်တုကို ရခိုင်ကြေးသွန်း ပညာရှင်ဦးကျော်သာညွန့်က သွန်းလုပ်သွားမည်ဖြစ်သည်။

ဆရာတော်ဦးဥတ္တမကြေးရုပ်အတွက် လှူဒါန်းငွေများ လှူဒါန်းလိုပါက ဦးထွန်းလှိုင် ညောင်ပင်ဈေး ဖုန်း-၀၉-၄၂၁၇၃၃၈၅၅၊ ဦးမောင်မောင်စိုး(မြရတနာ ရွှေဆိုင်) ဖုန်း-၀၉-၈၅၂၂၁၈၂၊ ဦးခင်မောင်ဝင်း ညောင်ပင်ဈေး ဖုန်း-၀၉-၄၂၁၇၄၀၀၆၆၊ ဦးကျော်သာညွန့် ပန်းပုဆရာကြီး ညောင်ပင်ဈေး ဖုန်း-၀၉-၄၉၆၇၀၆၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

**ဥပဒေအောင်**

**အတွင်း**

**နေထိုင်ခြင်း**

**ဘေးကင်းရန်ကွာ**

**စိတ်ချမ်းသာ**

## စိတ်ကြွရူးသွပ်ဆေးပြား၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၄ ရက်က ကျုံဒိုးမြို့ အမှတ်(၂) ရပ်ကွက်နေ လေးလူ(ခ) ညဏ်ထွန်း (၄၀နှစ်) နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှေ့ခန်း၌ ပန်းနုရောင်အအေးစုပ်ပိုက်ဖြင့် ထည့်ထားသည့်WY စာတန်းပါ အုတ်ခဲကျိုးရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြား၊ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်အတွင်းမှ WY စာတန်းပါအုတ်ခဲကျိုးရောင်စိတ်ကြွဆေးပြား ၁၃၀၊ အစိမ်းရောင်တစ်ပြား စုစုပေါင်း စိတ်ကြွဆေးပြား ၁၇၇ ပြား၊ အလေးချိန် ၁၇ ဒသမ ၇ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၇၀၈၀၀၀၊ ငွေကျပ် ၅၃၀၀၀၊ ၀၉-. . . နံပါတ်ပါ နိုကီရာဖုန်းတစ်လုံး၊ ချီကာဂိုတံဆိပ်ပါ လက်ထိပ်တစ်စုံ၊ Icon တံဆိပ် စကားပြောစက်တစ်လုံး၊ အားသွင်းခုံတစ်ခု၊ Made in Czecholovakia တံဆိပ်ပါ အိတ်ဆောင်ပစ္စတို တစ်လက်၊ ၄င်းကျည်အိမ်တစ်ခု၊ ၂ ဒသမ ၅ Auto ကျည်ငါးတောင့်၊ Mabangkok စာတန်းပါ အနက်ရောင်ချိုင်းစလွယ် သေနတ်အိတ်တစ်ခုနှင့် ကတ်ကြေးတစ်လက်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လေးလူ(ခ) ညဏ်ထွန်းကို ကျုံဒိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**





ပြည်တွင်းသတင်း

## ရေထွက်ပစ္စည်းများ ကမ္ဘာ့အဆင့်မီထုတ်လုပ်နိုင်ရန် EU သင်တန်းပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းများ ကမ္ဘာ့အဆင့်အတန်းမီ ထုတ်လုပ်တင်ပို့ရေးအတွက် အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း EU Inspection က ဦးဆောင်၍ သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း အဆိုပါ သင်တန်းကြီးကြပ်မှုကော်မတီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ EU နိုင်ငံများသို့ တင်ပို့နိုင်ရန် ၂၀၀၉ ခုနှစ်က EU Inspector များ လာရောက်စစ်ဆေးခဲ့သည်။ အဆိုပါနှစ်တွင် Wild Caught ရေထွက်ပစ္စည်းများကို ပြုပြင်ထုတ်လုပ်ခဲ့၍ ကမ္ဘာ့အဆင့်မီသဖြင့် EU နိုင်ငံများသို့ တင်ပို့ခွင့်ကို မြန်မာနိုင်ငံရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းစက်ရုံများမှ စက်ရုံရှစ်ရုံ ခွင့်ပြုချက်ရပြီး အသား၊ ငါးများနှင့် ရေထွက်ပစ္စည်းများကို တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရရှိခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုနှင့် စက်ရုံများ၏ စည်းကမ်းတကျ လိုက်နာဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရှိ စက်ရုံခြောက်ရုံ ထပ်မံတိုးသဖြင့် မြန်မာနိုင်ငံမှ EU နိုင်ငံများသို့ စုစုပေါင်းတင်ပို့သည့် စက်ရုံများမှာ ယခုအခါ ၁၄ ရုံအထိ တိုးတက်များပြားလာခဲ့သည်။ ယခုနောက်ပိုင်းတွင်လည်း EU က GSP ခွင့်ပြုထားပြီဖြစ်၍ ပို့ကုန်များကို ယခင်ထက် ပိုမိုတိုးတက်တင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းပညာရှင်များက မျှော်မှန်းကြသည်။

"ဒီသင်တန်းပို့ချပေးဖို့ စီစဉ်ရတဲ့ ရည်ရွယ်ချက်ကတော့ EU Inspector တွေက ကျွန်တော်တို့နိုင်ငံကို သုံးနှစ်တစ်ကြိမ်လာရောက် စစ်ဆေးကြပါတယ်။ ယခုလာမယ့် ၂၀၁၄ မှာလည်း လာရောက်စစ်ဆေးဖို့ ရှိတဲ့အတွက် Food Safety Regulation များနဲ့အညီ ဒီစက်ရုံတွေမှာရှိတဲ့ဝန်ထမ်းတွေ အနေနဲ့ အစဉ်တစိုက်ဂရုပြုဆောင်ရွက်နိုင်ဖို့ကို ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအနေဖြင့် ဒီ QA/QC သင်တန်းများ ပို့ချပေးဖို့ စီစဉ်ဖြစ်တာဖြစ်ပါတယ်" ဟု EU Inspection ကြီးကြပ်မှုကော်မတီမှ ဦးမျိုးညွန့်က ပြောပြသည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းပိုင်းဆိုင်ရာ စက်ရုံပေါင်း ၁၂၈ ရုံရှိသည်။ ထိုစက်ရုံများအနက် EU နိုင်ငံများသို့ တင်ပို့ခွင့်ရသည့် စက်ရုံ ၁၄ ရုံမှ စက်ရုံတစ်ရုံလျှင် ဝန်ထမ်းတစ်ဦး သို့မဟုတ် နှစ်ဦးကိုသာ အခမဲ့တက်ရောက်ခွင့်ပေးမည် ဖြစ်ပြီး EU Inspector များနှင့် မြန်မာနိုင်ငံမှ ပညာရှင်ကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ စုစုပေါင်းသင်တန်းကာလ ၁၃ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

| ၁၅-၉-၂၀၁၃ | **ရွှေဈေး** | (အောင်သမာဓိရွှေဆိုင်) |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၉၈၅၀၀-၆၅၇၀၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၉၈၂၀၀-၆၅၇၁၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၉-၉၇၁ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၈၅-၁၃၀၂ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၁-၇၇၁ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၁၅-၃၀. ၅ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅-၁၅. ၁၇ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၅၈ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁-၂၉၆ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၄၈၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၃၇၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၃၂၀၀-၆၀၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၃၀၀၀-၆၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၁၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၂၀၀-၂၇၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၀။အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

## မော်တော်ယာဉ် ၂၅၄၃၁ စီး သွင်းကုန်ပါမစ် ထုတ်ပေးပြီး

**ရန်ကုန် စက်တင်ဘာ ၁၅**

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ် ပါမစ်ထုတ်ပေးရေးဌာနစိတ် ရန်ကုန်တိုင်းဒေသကြီးရုံးက လူတစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Van, Pick Up, Light Truck၊ Mini Truck နှင့် Box Truck တို့အပါအဝင် စုစုပေါင်း မော်တော်ယာဉ် ၂၅၄၃၁ စီးကို သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၆၁၈ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရသည်။

**အေးကို(သတင်းစဉ်)**

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**



နိုင်ငံတကာအားကစားသတင်း

## နိုင်ငံတကာဘောလုံးပွဲစဉ် ရလဒ်များ

| | | |
|---|---|---|
| ဂျာမန်ဘွန်ဒက်စ်လီဂါ - ပွဲစဉ် (၅) | | |
| ဒေါ့မွန် | ၆ - ၂ | ဟမ်းဘတ် |
| ဘိုင်ယန်မြူးနစ် | ၂ - ၀ | ဟန်နိုဗာ |
| လေဗာကူဆင် | ၃ - ၁ | ဝုဖ်ဘတ် |
| ဝဲဒါဘရီမင် | ၀ - ၃ | ဖရန့်ဖွက် |
| မိန့်ဇ် | ၀ - ၁ | ရှော်လ်ကေး |
| အော့စ်ဘတ် | ၂ - ၁ | ဖရိုင်းဘတ် |
| ဟော်ဖန်ဟိမ်း | ၂ - ၁ | ဂလာဘတ် |
| စပိန်လာလီဂါ - ပွဲစဉ် (၄) | | |
| အက်သလက်တီကို | ၄ - ၂ | အဲလ်မာရီးယား |
| လီဗန်တေး | ၀ - ၀ | ဆိုစီဒက် |
| ဘာစီလိုနာ | ၃ - ၂ | ဆီဗီလာ |
| ဗီလာရီးရဲလ် | ၂ - ၂ | ရီးရဲလ်မက်ဒရစ် |
| ဂရန်နာဒါ | ၀ - ၁ | အက်စ်ပန်ညို |
| အီတလီစီးရီးအေ - ပွဲစဉ် (၃) | | |
| အင်တာ | ၁ - ၁ | ဂျူဗင်တပ် |
| နာပိုလီ | ၂ - ၀ | အတ္တလန္တာ |
| တိုရီနို | ၂ - ၂ | အေစီမီလန် |
| ဖီအိုရင်တီးနား | ၁ - ၁ | ကာဂလီယာ |
| လာဇီယို | ၃ - ၀ | ချီယေဗို |
| အူဒီးနိစ် | ၁ - ၁ | ဘိုလော့ဂ်နာ |

သီဟ

# အာဆင်နယ်တို့ သုံးမှတ်အပြည့်ယူနိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၄)

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ် (၄)မှာတော့ ထိပ်တန်းကလပ်အသင်းအချို့ ရလဒ်တွေ မထင်မှတ်စရာဖြစ်ခဲ့ပါတယ်။ မန်ယူနဲ့အာဆင်နယ်တို့ အမှတ်ပြည့်ရယူနိုင်ခဲ့ပေမယ့် ချယ်လ်ဆီးတို့ ရှုံးပွဲကြုံပြီး မန်စီးတီးတို့သရေပွဲဖြစ်ခဲ့တာမို့ မော်ရင်ဟိုအသက်ရှူကျပ်စရာဖြစ်ခဲ့ပါတယ်။**

### ဆန်းဒါးလန်းနှင့် အာဆင်နယ်

အာဆင်နယ်ဟာဒီပွဲမှာ အနိုင်ရရှိရေး ရုန်းကန်ခဲ့ရပါတယ်။ အာဆင်နယ်က အသစ်ခေါ်ယူထားတဲ့ ကွင်းလယ် ကစားသမားအိုဇေးလ် ပထမဆုံးပွဲ ထွက်လာခဲ့ပြီး ဂိုးရရှိရေးအတွက် အကောင်းဆုံးဖန်တီးပေးမှုတွေ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ပွဲချိန် ၁၁ မိနစ်မှာ အိုဇေးလ် ဖန်တီးပေးလိုက်တဲ့ ဘောလုံးကို ဂီရော့ဒ်က ကန်သွင်းယူခဲ့လို့ အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၄၈ မိနစ်မှာ ဆန်းဒါးလန်းတို့ ပယ်နယ်တီရရှိခဲ့ပြီး ဂတ်ဒ်နာကန်သွင်းယူခဲ့တာကြောင့် ဆန်းဒါးလန်းတို့ ချေပဂိုးရရှိခဲ့ပါတယ်။ အာဆင်နယ်အတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၆၇ မိနစ်မှာ ရမ်ဆေးက မြေမကျဘောကန်သွင်းခဲ့လို့ ဂိုးရရှိခဲ့ပြီး



အာဆင်နယ်အတွက် တတိယဂိုးကိုတော့ ပွဲချိန် ၇၆ မိနစ်မှာ ရမ်ဆေးကပဲ ကန်သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။

### အဲဗာတန်နှင့် ချယ်လ်ဆီး

ဒီပွဲမှာ ချယ်လ်ဆီးတို့က ဂိုးသွင်းခွင့်တွေ အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ဟာဇက်၊ အီတူး၊ မာတာ၊ မီးခေးလ်၊ ရာမီရက်စ်၊ တယ်ရီစတဲ့ ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပေမယ့် အနိုင်ရလဒ်ကို ချယ်လ်ဆီးတို့ မဖော်ဆောင်နိုင်ခဲ့ပါဘူး။ အဲဗာတန်ဟာ အော့စမန်၊ ဂျီလာဗစ်၊ ဘာကလေတို့အင်အားနဲ့ ပွဲထွက်လာပြီး ပုံမှန်ခြေစွမ်းရရှိနေတာမို့ ပွဲချိန် ၄၆ မိနစ်မှာ နေးစမစ်က ခေါင်းတိုက်သွင်းယူခဲ့တာမို့ အဲဒီဂိုးနဲ့ပဲ အဲဗာတန်တို့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

### စတုတ်နှင့် မန်စီးတီး

စတုတ်ရဲ့အိမ်ကွင်းမာကျောမှုကို မန်စီးတီးတို့ ကြုံတွေ့ရင်ဆိုင်ခဲ့ရပါတယ်။ နာဆရီ၊ ရော့ဒ်ဝဲလ်၊ ယာယာတိုရေး၊ ဂျိဗီတစ်၊ နီဂရီဒိုတို့နဲ့ ပွဲထွက်လာတဲ့ မန်စီးတီးဟာ ဂိုးသွင်းခွင့် သုံးကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ်မပြောင်းနိုင်ခဲ့လို့ သုံးမှတ်မရဘဲ ဂိုးမရှိသရေပွဲနဲ့ တစ်မှတ်စီခွဲဝေယူခဲ့တာ ဖြစ်ပါတယ်။

## ဘာစီလိုနာတို့နိုင်ပွဲဆက်

စပိန်လာလီဂါပွဲအဖြစ် ဘာစီလိုနာနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားကြစဉ် ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးကို လူစားဝင်လာသူ ဆန်ချက်ဇ်ကလေလွင့်ချိန်တွင် သွင်းယူခဲ့သည်။ မက်ဆီနှင့် အဲလ်ဗက်တို့ကလည်း အစောပိုင်းတွင် ဘာစီလိုနာအတွက် ဂိုးများ သွင်းယူခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**



## မေဝဲသား ဆုကြေးဒေါ်လာ ၄၅ သန်း ရရှိ

အမေရိကန် လက်ဝှေ့သမား မေဝဲသားနှင့် စိန်ခေါ်သူမက္ကဆီကို လက်ဝှေ့သမား အောဗရက်ဇ်တို့ လက်စ်ဗီးဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြရာ မေဝဲသားက အမှတ်ဖြင့်နိုင်ပြီး ၎င်း၏ချန်ပီယံခါးပတ်များဖြစ်သည့် WBC နှင့် WBA လိုက်မစ်ဒယ်ဝိတ် ခါးပတ်များကိုကာကွယ် ထိုးသတ်နိုင်ခဲ့သည်။ အသက် ၃၆ နှစ်ရှိ မေဝဲသားသည် ၄၅ ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ကိုတင်နိုင်ခဲ့သည်။ မေဝဲသားသည် ယင်းပွဲတွင် အနိုင်ရလိုက်သည့်ဆုကြေးဒေါ်လာ ၄၅ သန်း ဆွတ်ခူးသွားသည်။




# စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်တောင် တေဒင်္ဂကုန်းမြေ၌တည်ထားပူဇော်ထားသည့် ကာမာကူရဂျပန်ဘုရားကြီး

စစ်ကိုင်းမြို့ သာစည်ရပ် ဧရာဝတီမြစ်အနောက်ဘက်ရှိ ရွှေတောင်ဦးမော် တေဒင်္ဂကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်ထားသော ကာမာကူရဂျပန်ဘုရားကြီး ယခုအခါ တည်ထားပြီးစီးနေပြီဖြစ်သည်။

ဤကာမာကူရ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၇၅၀ ကျော် သက္ကရာဇ် အေဒီ (၁၂၅၂)က ဂျပန်အမျိုးသမီးကြီး အီနာဒါနိုဆူဘိုနဲ့နှင့် ဂျပန်ဘုန်းတော်ကြီးတစ်ပါးက ဂျပန်နိုင်ငံ တိုကျိုမြို့၏တောင်ဘက် ကာမာကူရ အရပ်ဒေသနေရာမှာ ပင်လယ်ကိုမျက်နှာပြုပြီး စိမ်းလန်းသော တောင်တန်းတစ်ခုကို နောက်ခံပြု၍ တည်ထားအပ်သော ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးသည် လက်ရာကောင်းမွန်ပြီး အချိုးအစားကျနကြည်ညိုဖွယ် သပ္ပာယ်လှသော ပါသာဒိက ဖူးမဝနိုင်သည့် ဂုဏ်နှင့်ပြည့်စုံတော်မူပေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသူ နိုင်ငံသား ဂျပန်လူမျိုးများက အမြဲတမ်း ဂုဏ်ယူအလေးထားပူဇော်ကိုးကွယ်သော ရုပ်ပွားတော်ကြီး တစ်ဆူဖြစ်ရုံသာမက ဂျပန်ရောက် မြန်မာလူမျိုးများနှင့်ကမ္ဘာအရပ်ရပ်က ဂျပန်နိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ဧည့်သည်တော်များသည်ပင် ဤဘုရားကြီးသို့ မဖြစ်မနေအရောက်သွား၍ ဖူးမြော်ကြည်ညိုလာကြသည်။

ဤဗုဒ္ဓရုပ်ပွားတော်ကြီးသည် ဉာဏ်တော်အမြင့် ၄၄ပေခန့်ရှိပြီး အလေးချိန် ၁၂၁ တန်သောကြေးဖြင့် ပြုလုပ်ထားသည့် ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်။အပြစ်ဆိုရန်မရှိလောက်အောင်အချိုးအစားကျနကြည်ညိုဖွယ်သပ္ပာယ်လှ၍ ဗုဒ္ဓ၏ပါရမီတော်တန်ခိုးတော်ကို ထူးခြားစွာပေါ်လွင်စေပါသည်။ ဤဂျပန်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးသည် သက်န်းတော်အနေအထား၊ လက်တော်အနေအထား မုဒြာတို့ကား မြန်မာပြည်ရှိ ရုပ်ပွားဆင်းတုတော်များနှင့်မတူ တစ်မူထူးခြားနေသည်။ လက်ညှိုးတော်နှစ်ချောင်းကို လက်မတော်နှစ်ချောင်းနှင့်ကွင်းပြီးထိကပ်၍ စက်ဝိုင်းနှစ်ခုဖြစ်ပေါ်စေခြင်းသည် (က)သံသရာစက်လည်ပုံကိုလည်းကောင်း၊ (ခ) လူ့လောကနှင့် နတ်လောကတို့ကို ညှိနှိုင်းစေ့စပ်သောသဘောကို ဆောင်သည်ဟုလည်းကောင်း၊ (ဂ) ရုပ်လောကနှင့်နာမ်လောကနှစ်ရပ် ပေါင်းစပ်ပြီးဖြစ်ပေါ်နေတဲ့ သတ္တလောကကို လည်းကောင်း၊ (ဃ) ဒုက္ခအားလုံးဆိတ်သုဉ်းရာသုည အဓိဋ္ဌာန်ကို ရည်ညွှန်းသည်ဟူသောအဓိပ္ပာယ်ကိုလည်းကောင်း ပေါ်လွင်စေသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုဘုရားကြီးကို ဂျပန်တို့က "ကာမာကူရ ဒိုင်ဘွတ်စု" ဟုခေါ်ဆိုကြသည်။ ကာမာကူရအရပ်ဒေသ၌



ဒိုင်-ကြီးမားသော၊ ဘွတ်စု-ဘုရားဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ရွှေတောင်ဦးမော် ဆရာတော်က ဇေယျာပူရ ဒိုင်ဘွတ်စု (ဇေယျာမြို့က ကြီးမားသော ဂျပန်ဘုရားကြီး)ဟု ဆန္ဒပြုလျက် ဘုရားကြီး၏ ပုံတော်အတိုင်း စစ်ကိုင်းမြို့သူမြို့သားများ သာမက မြန်မာနိုင်ငံသူ နိုင်ငံသားများ ပူဇော်ကြည်ညိုနိုင်ရန် စစ်ကိုင်းမြို့ သာစည်ရပ် ရွှေတောင်ဦးမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒ (သာသနဓဇ၊ ဓမ္မာစရိယ) အမှူးပြု၍ သမိုင်းဝင် တေဒင်္ဂကုန်းမြေပေါ်၌ ၃၀ ဘုံ၊ ခုနစ်ရက် သားသမီးများ ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိစေရန် ရည်သန်ဆန္ဒပြု၍ ဉာဏ်တော်အမြင့် ၃၀ ပေရှိ ကာမာကူရဂျပန်ဘုရားကြီးကို တည်ထားပူဇော်ပြီးစီးပြီဖြစ်သည်။ ဘုရားကြီး၏ ဝန်းကျင်တွင် ရဟန္တာ ၄၀ ပါးဝန်းရံထားကာ ပလ္လင်အမြင့်မှာ ခုနစ်ပေရှိပြီး မြန်မာပြည်တွင် ထူးခြားသောရုပ်ပွားတော်ကြီးဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများ လာရောက်ပူဇော်ကြည်ညိုကြရန် ဖိတ်ခေါ်လိုက်ပါသည်။ ကောလင်းမြို့မှ အလှူရှင်တစ်ဦးတည်းက လှူဒါန်းခဲ့သော ဘုရားကြီးတည်ထားမှုပြီးစီးပြီးဖြစ်၍ ရုပ်ပွားတော်ကြီး တည်ရှိရာ တောင်ပေါ်သို့ တက်ရောက်ဖူးမြော်ရန် စတီးလ်လက်ရန်းနှင့်အောက်တွင် ကြွေပြားများခင်းရန်ကျန်ရှိနေပါ၍ လှူဒါန်းလိုသော အလှူရှင်များသည် ရွှေတောင်ဦးမော်ကျောင်းတိုက်ဆရာတော် သာစည်ရပ် စစ်ကိုင်းမြို့ ဖုန်း ၀၇၂-၂၂၁၅၆၊ ၀၉-၂၁၃၁၄၀၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၇)**

**သတင်းဆောင်းပါးနှင့်နယ်သတင်း**

# ယာဉ်မတော်တဆဖြစ်မှုများတွင် အရေးပေါ်ကယ်ဆယ်နိုင်ရေးအားနည်းချက်များရှိနေ

**မကွေး စက်တင်ဘာ ၁၅**

ယခုအခါ မကွေးမြို့သည် တက္ကသိုလ်ပေါင်းစုံရှိရာ မြို့ဖြစ်လာသည်နှင့်အညီ ကား၊ ဆိုင်ကယ်စသည့် ယာဉ်များ များပြားလာရာ ညအချိန်များတွင် ယာဉ်တိုက်မှုဖြစ်ပွားပါက မောင်းနှင်ထွက်ပြေးသူများပြားလာကြောင်း၊ ပြင်းထန်စွာ ဒဏ်ရာရရှိပါကလည်း အရေးပေါ်ကယ်ဆယ်ကုသမှုပေးနိုင်ရေးတို့တွင် အားနည်းချက်များရှိနေကြောင်း သိရသည်။စက်တင်ဘာ ၈ ရက် ည ၈ နာရီခန့်က မကွေးမြို့ ပြည်တော်သာလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကို လမ်းကြားတစ်ခုထဲမှ ထွက်လာသောဆိုင်ကယ်တစ်စီးက ဝင်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားသည်။ အတိုက်ခံရသော ဆိုင်ကယ်နှင့်စီးနင်းလာသူများမှာ လဲကျသွားသော်လည်း ပွန်းပဲ့ဒဏ်ရာလောက်သာရရှိခဲ့သဖြင့် အနီးဝန်းကျင်မှ လူများ၏ အကူအညီပေးမှုကြောင့် ပြန်လည်စီးနင်းသွားနိုင်ခဲ့ကြောင်း သိရသည်။

"ညပိုင်းအချိန်တွေမှာ ယာဉ်မတော်တဆဖြစ်ခဲ့ရင် တိုက်တဲ့သူကအတိုက်ခံရလို့ ဒဏ်ရာရသွားတဲ့သူကို မကြည့်တော့ဘဲ မောင်းပြေးသွားတာတွေအတော်များများတွေ့လာရတယ်။ ရုတ်တရက်ဆိုတော့ ယာဉ်နံပါတ်လည်း မှတ်သားထားသူရှိချင်မှရှိမယ်။ ပြီးတော့ယာဉ်တိုက်မှုတစ်ခုဖြစ်ရင် လူတွေက ဝိုင်းအုံကြည့်နေတာပဲရှိတယ်။ ဘယ်သူမှ ဒဏ်ရာရတဲ့သူကို မကိုင်ရဲကြဘူး၊ အဲ့ဒီလိုနဲ့ အရေးပေါ်ကုသမှုမပေးနိုင်ဘဲ အချိန်တွေ ကြာသွားရင် သွေးထွက်လွန်တာတို့ ဘာတို့နဲ့အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရတာတွေဖြစ်နိုင်တယ်။ မြို့နယ်တိုင်းမှာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွေ ထားရှိသင့်တယ်။ ယာဉ်တိုက်မှုတစ်ခုခုဖြစ်ခဲ့ရင် အရေးပေါ်ကယ်ဆယ်ရေးကို ဖုန်းဆက်ပြီး အကြောင်းကြား၊ ချက်ချင်းရောက်လာပြီး ဆေးရုံကိုအမြန်ဆုံးပို့သင့်တယ်။ ဒါပေမယ့် ဆေးရုံကိုအချိန်မီရောက်ပြန်တော့လည်း တတ်သိနားလည်တဲ့သူတွေ ရှိပါလျက် ရဲအရေးပိုင်တဲ့အမှုဖြစ်နေတာကြောင့် မည်သူမှ မထိမကိုင်ဘဲ ရဲရောက်လာအောင်အထိစောင့်နေကြတယ်။ တကယ်လို့သာ ထိခိုက်ဒဏ်ရာရတဲ့သူက သွေးထွက်လွန်နေတယ်၊ ကုသဖို့နောက်ထပ်အချိန်တွေ ထပ်ပြီးစောင့်နေရမယ်ဆိုရင် အချိန်မီမကုသနိုင်တာနဲ့ဘဲ သေသွားတာမျိုးဖြစ်နိုင်တယ်။ ဒါမျိုးတွေမဖြစ်သင့်ဘူး။ မြို့နယ်တိုင်းမှာ ယာဉ်မတော်တဆမှုတွေအတွက် အရေးပေါ်ကယ်ဆယ် ကုသနိုင်ရေး အားနည်းချက်တွေရှိနေတယ်"ဟု ယာဉ်တိုက်မှုတွင် ဒဏ်ရာရသူကို ကူညီပေးသူတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။ **ဝသန်ထွန်း(မကွေး)**

---

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရုံးအဆောက်အအုံနှစ်လုံးဆောက်လုပ်ခြင်း
၂။ ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း
၃။ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၈-၉-၂၀၁၃ ရက်မှစ၍ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီရုံးဖွင့်ရက်များအတွင်း တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၅။ ၁၀-၁၀-၂၀၁၃ ရက် ညနေ ၃ နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။
၆။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တိုင်းဒေသကြီးရုံး ဖုန်း-၀၅၉-၂၁၀၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအတွက် လက်တော့ပ်နှစ်လုံး၊ ကွန်ပျူတာလေးစုံ၊ ဖက်စ်နှစ်လုံး၊ ပရိဘောဂရှစ်မျိုးကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၉-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၇-၁၀-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၄၆၂၊ ၄၀၆၁၃၆

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
**နေပြည်တော်၊ ရုံးအမှတ် (၃၃)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ ပင်းချောင်းတံတား(အဟောင်း)၏ ကွန်ကရစ်တိုင်များ ဖျက်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေ)ဖြင့်ပေးချေ၍ ငှားရမ်းဆောင်ရွက်လိုပါသည်။

| **ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား** | **အရေအတွက်** |
|---|---|
| သံကူကွန်ကရစ်(X)Beam, Shaft, Diaphragm များဖျက်သိမ်းခြင်း | 7 Nos (63.59)ကျင်း |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁-၁၀-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၂-၁၀-၂၀၁၃ရက်၊ ၉း၃၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၁၆-၉-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးစီမံကိန်းကြီးအဖွဲ့(၃)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့**
**ဖုန်း-၀၉-၈၃၀၄၅၉၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းတွင် ယာယီနှင့် အမြဲတမ်းလျှပ်စစ်ဓာတ်အား အသုံးပြုရန်အတွက် ၆၆/၁၁ကေဗွီ၊ (၂×၃၀)အမ်ဗွီအေ (G.I.S) ဓာတ်အားခွဲရုံ (၂)ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၉-၂၀၁၃ရက် (အင်္ဂါနေ့)
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့)
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းကော်မတီရုံး၊ အမှတ် (၆၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက (၃)ကျောင်းလမ်းထောင့် (ဧရာဝဏ်လမ်း၊ ဆောက်လုပ်ရေးမှတ်တိုင်အနီး)၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၉၀၀၈၈။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်သော ဆေးဝါးများဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၉-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၃ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁၊ ၀၈၄-၂၂၅၁၄**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါလမ်းခင်းပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| **အိတ်ဖွင့်တင်ဒါအမှတ်** | **အမှတ်(၂) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)** |
|---|---|
| (၁) ရွှေဘို-မြစ်ကြီးနားလမ်း(ကျောက်ရွယ်စုံ) | ၉၂၁၄ ကျင်း |
| (၂) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (ကျောက်ရွယ်စုံ) | ၂၃၇၄ ကျင်း |
| (၃) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် | ၁၆-၉-၂၀၁၃ရက် (ရုံးချိန်အတွင်း) |
| (၄) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက် | ၂၆-၉-၂၀၁၃ရက် |
| (၅) တင်ဒါဖွင့်မည့်ရက်/အချိန် | ၂၇-၉-၂၀၁၃ရက် (မွန်းလွဲ-၂း၀၀နာရီ) |
| (၆) တင်ဒါတင်သွင်းရမည့်နေရာ | ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့ (၁၄)၊ မြစ်ကြီးနားမြို့၊ |
| (၇) အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်းဒုတိယအင်ဂျင်နီယာမှူးကြီးရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ | ဖုန်း-၀၇၄-၂၂၃၆၇ |

---

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြေတိုင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစာရေးကိရိယာများနှင့် ကွန်ပျူတာသုံး Toner/Cartridge ပစ္စည်းများအား ဌာန(နေပြည်တော်/ရန်ကုန်)အရောက်ပို့စနစ်၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|
| (က) | ရုံးသုံးစာရေးကိရိယာများ | ၅၃ မျိုး |
| (ခ) | ကွန်ပျူတာသုံး Toner/Cartridge ပစ္စည်း | ၁၂ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၉-၂၀၁၃ရက် ညနေ ၁၅း၀၀ နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၄၃၃**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Shwe Li-3) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 18/DHPI/Concrete Pole/2013-2014

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|
| 1. | Concrete Pole (12m) | 780 Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) အား ၂-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ နည်းပညာစံချိန်စံညွှန်း ကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) အား ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၆ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၃၈၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**

## ဖော်ပြပါဖြစ်ရပ်သတင်းများ

# သထုံမြို့အတွင်း တစ်လမ်းမောင်းစနစ် စတင်ကျင့်သုံး

**သထုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ခရီးသွားပြည်သူများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး မြို့တွင်းလမ်းများပေါ်၌ ယာဉ်ကြောရှင်းလင်းစေရန်အတွက် စက်တင်ဘာ ၉ ရက်မှ စတင်ကာ တစ်လမ်းမောင်းစနစ်ကို စတင်ကျင့်သုံးပြီး သုံးဘီးဆိုင်ကယ်နှင့်ဘေးတွဲဆိုင်ကယ်မဝင်ရ နေရာများလည်း သတ်မှတ်ထားရှိကြောင်း သိရသည်။



လူအစည်ကားဆုံးနေရာများဖြစ်သည့် မြို့မဈေးအနီး လမ်းများကို တစ်လမ်းမောင်းစနစ်ကျင့်သုံးပြီး မြို့တွင်းအဝင် ရန်ကုန်-မော်လမြိုင် လမ်းမကြီးပေါ်တွင်သုံးဘီးဆိုင်ကယ်နှင့် ဘေးတွဲဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်ခြင်းကို ကန့်သတ်ထားရှိခြင်းဖြစ်သည်ဟု မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးစောမြင့်လွင်က ပြောကြားသည်။

အဆိုပါ လုပ်ငန်းကို မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ပညာပေးကာလအနေဖြင့် သတ်မှတ်ကာ အဖွဲ့ခြောက်ဖွဲ့ဖြင့် နေရာအနှံ့ ပညာပေး လမ်းညွှန်ပြသခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး ၄င်းရက်ကျော်လွန်ပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အသေးစား စာပေရေချမ်းစင်များ ဖွင့်လှစ်ပေးထား

**မော်လမြိုင် စက်တင်ဘာ ၁၅**

ပြည်သူကိုဗဟိုပြုပြီး ပြည်သူများအား အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော အသေးစား စာပေရေချမ်းစင်များကို မော်လမြိုင်မြို့ပေါ်ရှိ ကျိုက်သုတ်ဘုရား၊ သူနာပြုသင်တန်းကျောင်း အထွေထွေရောဂါကုဆေးရုံကြီး၊ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း၊ ဇက်ရေယာဉ်ဆိပ်၊ ပညာရေးကောလိပ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြိုင်ရတနာလေးထပ်ဈေးကြီးစသည့် ပြည်သူများဝင်ရောက်သွားလာမှုအများဆုံးနေရာများကို ရွေးချယ်ပြီး မြို့ပေါ် ၂၅ နေရာတွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။ စာပေရေချမ်းစင်များကို မော်လမြိုင်မြို့တွင်းနေရာ ၂၅ နေရာနှင့် သထုံမြို့နယ် ၁၅ နေရာတို့တွင် ဖွင့်လှစ်ထားပြီး ပြည်သူများ အသိပညာဗဟုသုတများ ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကျန်မြို့နယ်များမှာလည်း အလားတူ စာပေရေချမ်းစင်များ ဖွင့်လှစ်ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဆင်ခြေထောက်ရောဂါကာကွယ်ရေး ဝင်းပကျေးရွာ၌ လူကုန်ဆေးကျွေး

**သထုံ စက်တင်ဘာ ၁၅**

သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဆင်ခြေထောက်ရောဂါကာကွယ်ရေး လူကုန်ဆေးကျွေးခြင်း လုပ်ငန်းစီမံချက် အသိပညာပေးရှင်းလင်းပွဲကျင်းပသည်။ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသီတာဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံ၌ ကျေးရွာနေပြည်သူများကို ကျန်းမာရေးဆေးစစ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးဆေးစစ်ပေးခြင်း၊ ငါးနှစ်အောက် ကလေးများကို ပေါင်ချိန်ပေး၍ မှတ်တမ်းတင်ခြင်းနှင့် ကျန်းမာရေးဆေးစစ်ပေးခြင်းတို့ကိုဆောင်ရွက်သည်။ ဒေါက်တာသီတာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ပေါင်းစည်းကျန်းမာရေးလုပ်ငန်း စီမံချက်အရ ကာကွယ်ဆေးထိုးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးပညာပေးခြင်း၊ အထွေထွေရောဂါကုသခြင်း ဗဟုသုတများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ပေါင်းစည်းကျန်းမာရေးစီမံချက်အရ ဝင်းပကျေးရွာ၌ စက်တင်ဘာ ၁၁ ရက်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး D.E.Cဆေးများကို နှစ် နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များမှအပ ကျန်ရှိသော ပြည်သူများကို လူကုန်ဆေးကျွေးခြင်းစီမံချက်အတိုင်း တစ်အိမ်တက်ဆင်းကွင်းဆင်း၍ ဆေးတိုက်ကျွေးခြင်းကို ဆောင်ရွက်ခဲ့သည်။

**ခွန်(ဝင်းပ)**

# ဇက်ရေယာဉ်ပေါ်မှ စိတ်ဝေဒနာရှင်တစ်ဦးရေထဲခုန်ချ

**မော်လမြိုင် စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာ ဆိပ်ကမ်းမှ သံလွင်မြစ်ကြောင်းအတိုင်း မော်လမြိုင်မြို့သို့ ထွက်ခွာလာသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းပိုင် ဇက်ရေယာဉ်အမှတ်(၁၀၃)တွင် လိုက်ပါလာသူခရီးသည် ဦးစိန်ဝင်းသည် စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က နတ်မှော်ကျေးရွာနှင့် သက္ကောကျေးရွာအကြား ရေယာဉ်ပေါ်မှခုန်ချခဲ့ကြောင်းသိရသည်။ ထိုသို့ခုန်ချခဲ့သဖြင့် ရေယာဉ်ဝန်ထမ်းများက ချက်ချင်းဆယ်ယူနိုင်ခဲ့ပြီး ၇ နာရီ ၁၅ မိနစ်ခန့်တွင် မော်လမြိုင်ဆိပ်ကမ်းသို့ရောက်ရှိကာ ချောင်းဆုံမြို့နေ ၄င်း၏ မိသားစုထံ ဆက်သွယ်၍လွှဲပြောင်းပေးခဲ့ကြောင်းနှင့် ဦးစိန်ဝင်းသည်စိတ်ဝေဒနာသည်တစ်ဦးဖြစ်ကြောင်း သိရသည်။

**လ/၀၁၂**

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**


**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
**အခြေစိုက်အလုပ်ရုံ(၁)**
**အခြေခံယာဉ်မောင်းသင်တန်းကျောင်း**

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ် ၂၅၂ ကို ၈-၁၀-၂၀၁၃ ရက်နှင့်
- စနေ/တနင်္ဂနွေအထူးသင်တန်းကို ၅-၁၀-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။
- အင်ဂျင်၊ ဂဟေ၊ တွင်ခုံ ဖောက်ခုံ သင်တန်းကို ၉-၁၀-၂၀၁၃ ရက်တွင် ဖွင့်လှစ်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် 'ခ'လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန်(၁) အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေညော့သည်(၁)ဂိတ်ဆုံး
  (၂) မဟာဗန္ဓုလတံတား၊ Ocean Center အနီး၊ ၃၄၊ ၃၅၊ ၅၇ သန်လျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။ ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| (က) | ၂၅၄/မမ/CE | ဥသျှစ်ပင်-သရက်-မင်းဘူးလမ်းအတွက် လမ်းခင်းကျောက် (1" x 1½") (၁၀၀၀) ကျင်း ဝယ်ယူရန် |
| (ခ) | ၂၅၅/မမ/CE | Gantry Crane ပစ္စည်း(၆)မျိုး (41.52)Tons အား ရန်ကုန်မှ သီပေါသို့ သယ်ပို့ရန် |
| (ဂ) | ၂၅၆/မမ/S&T | မန္တလေး၊ နေပြည်တော်၊ပဲခူး၊ တောင်ငူ၊ပျဉ်းမနား၊ သာစည်၊ရွာထောင်၊ မြစ်ကြီးနား၊ သထုံ၊ ကျိုက်ထို ဘူတာတို့တွင် Digital Display Board များနှင့် ရထားထွက်ချိန်အချက်ပေး ခေါင်းလောင်းသံစနစ်များ တပ်ဆင်ရန်၊ |
| (ဃ) | ၂၅၇/မမ/CTM | ချာဂျင်သွင်း လက်နှိပ်ဓါတ်မီး (၃၇၀၀)လုံး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၆ . ၁၀ .၂၀၁၃ ( ဗုဒ္ဓဟူး နေ့)(၁၂.၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁၆.၉.၂၀၁၃ )ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352, 291994



**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(J)မှ မမျိုးသန္တာနွယ်၏ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းအောင် ၅/ကလထ(နိုင်)၀၅၁၈၆၄ ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်းအောင် ၅/ကလထ(နိုင်) ၀၅၁၈၆၄**



**အမည်ပြောင်း**

ဦးကြာချီ၏သမီး ကျိုင်းတုံမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း(C)မှ မနာဒါဦးအား မအာတာဦး ၁၃/ကတန(နိုင်)၀၄၄၄၆၃ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအာတာဦး**



**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းလုံတွီ၏ ဖခင်အမည်မှန်မှာ ဦးနန်ဆန်သန်း ၁၃/ကတန(နိုင်)၀၂၆၁၅၉ ဖြစ်ပါကြောင်း။

**ဦးနန်ဆန်သန်း**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ ဓာတ်အားခွဲရုံများအတွက် Testing Equipment နှင့် ဓာတ်အားလိုင်းသုံး အထောက်အကူပြုပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပိတ်မည့်ရက်** - ၃၀-၉-၂၀၁၃ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-ဖက်စ်-၀၆၇-၄၁၁၀၆၇**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေ ရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ဆောက်မည့် အောက်ဖော်ပြပါ တံတား(၅)စင်းအတွက် လိုအပ်သည့်ပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | မြို့နယ် | တံတားအမည် | ဝယ်ယူလိုသည့်ပစ္စည်းများ ဘိလပ်မြေ (တန်) (မြင်းခေါင်း၊ ကြံ၊ ဆင်) | ကျောက်စရစ် (ကျင်း) | သဲ (ကျင်း) | သံချောင်း (တန်) (Deformed Bar Singapore, Korea) | သစ် (တန်) (အခြားသား) |
|---|---|---|---|---|---|---|---|
| ၁။ | ပေါက် | ရှုခွလေးတံတား (ပခုက္ကူ-မင်းတပ်လမ်းပိုင်း) (မိုင် ၄၀/၆-၄၀/၇) | ၃၅၃ | ၃၀၃ | ၁၅၂ | ၁၃၃ | ၈၈ |
| ၂။ | ပေါက် | မစမ်းချောင်းတံတား (ပခုက္ကူ-မင်းတပ်လမ်းပိုင်း) (မိုင် ၅၅/၂-၅၅/၃) | ၁၈၈ | ၁၆၂ | ၈၁ | ၇၁ | ၄၅ |
| ၃။ | ပေါက် | နွားလန်တက်တံတား (ပခုက္ကူ-မင်းတပ်လမ်းပိုင်း) (မိုင် ၅၅/၇-၅၆/၀) | ၂၃၅ | ၂၀၂ | ၁၀၁ | ၈၈ | ၅၈ |
| ၄။ | ရေနံချောင်း | တံတားအမှတ်(၁/၈) နှင့်(၁/၉) ရေနံချောင်းမြို့ရှောင်လမ်းပေါ်ရှိ ယင်းမာချောင်း-ယာကြီးပြင်လမ်း(မိုင် ၇/၇-၈/၄) | ၄၄၈ | ၃၆၄ | ၂၆၄ | ၁၆၄ | ၁၀၄ |

**တင်ဒါလျှောက်လွှာအရောင်းဌာန** - အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့(၁၆-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁-၁၀-၂၀၁၃ရက်၊ ၁၂း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၂-၁၀-၂၀၁၃ရက်၊ ၉း၃၀နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အထူးစီမံကိန်းကြီးအဖွဲ့(၃)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၈၃၀၄၅၉၃**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း။
(ခ) သပိတ်ကျင်းဘဏ်ခွဲ ငွေသိုလှောင်ခန်း (Vault)အသစ်ဆောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၈-၉-၂၀၁၃ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၁၀-၂၀၁၃ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တိုင်းဒေသကြီးမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး) အမှတ် ၁၈၆၊ ၈၃လမ်း၊ ၂၅ လမ်းနှင့် ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၅၆၄၃၊ ၀၂-၂၄၉၄၃၊

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းအောင်ကြာ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းယီတန်း ၁၃/ကတန(နိုင်)၀၆၃၈၇၈ ဖြစ်ပါကြောင်း။

**ဦးစိုင်းယီတန်း**



**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးကျာကော် ၁၃/ကတန(နိုင်)၀၄၁၀၇၆ ဖြစ်ပါကြောင်း။

**ဦးကျာကော်**



**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မလောမီဂါ၏ ဖခင်အမည်မှန်မှာ ဦးအားယိုး ၁၃/ကတန(နိုင်) ၁၀၁၇၄၂ ဖြစ်ပါကြောင်း။

**ဦးအားယိုး**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

မင်းဘူးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မမိုးမြင့်ထက်နှင့် ဆဋ္ဌမတန်း(A)မှ မောင်ဇော်မင်းဖုန်းတို့၏ဖခင် ဦးသန်းဇော်မင်းနှင့် ဦးသန်းဇော်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဇော်မင်း(ခ)ဦးသန်းဇော်လင်း**
**၈/မဘန(နိုင်)၀၆၈၀၉၄**

# ပညာရေး မြင့်မားတိုးတက်စေရေး အလုပ်ရုံဆွေးနွေး

**ပင်လောင်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ပညာရည်တိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီက ပင်လောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက မြန်မာနိုင်ငံပညာရေးမြင့်မားတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင်ပင်လောင်းမြို့နယ်အတွင်း တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေး ကျောင်းအုပ်ဆရာဆရာမများလည်း အုပ်ချုပ်မှုကောင်းအောင် စည်းရုံးဆောင်ရွက်ပြီး ပိုမိုကြိုးစား အားထုတ်ကြရန် ကျောင်းသားမိဘများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာ ဆရာမများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြပြီး မြို့နယ်ပညာရေးမှူးက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေး ညောင်တုန်းမြို့နယ်၌ ဟောပြောပွဲများ ကျင်းပ

**ညောင်တုန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်နေပြည်သူများ အသိပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲကို စက်တင်ဘာ ၆ ရက် နံနက်က ညောင်ဝိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာခင်သန်းအေးက မွေးမြူရေးကိစ္စရပ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်သန္တာဦးက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရေးနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပညာရေးဌာန လက်ထောက်ပညာရေးမှူး ဦးစိန်ကြည်ဦးက ကလေးများပညာရေးကိုအလေးထားဆောင်ရွက်ရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဌာန သံကြိုးကျေးရွာ ကျန်းမာရေးမှူး ဒေါ်သီတာဝင်းက ဆင်ခြေထောက်ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းကိုကတရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများကိုကျေးလက်နေပြည်သူများအား အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

# လျှောက်ကြက်သွန်များ ဈေးတက်၍ တောင်သူများ ဝင်ငွေတိုး

**မလှိုင် စက်တင်ဘာ ၁၅**

မလှိုင်မြို့နယ်သည် ပဲ၊ နှမ်း၊ ဝါ၊ ကြက်သွန်၊ ငရုတ်စသည်တို့ကို အဓိက ဦးစားပေးစိုက်ပျိုးကြသလို ဇွန်၊ ဇူလိုင်လအတွင်း မိုးမရွာသဖြင့် နှမ်းစိုက်တောင်သူများ နှမ်းဈေးကောင်းသော်လည်း နှမ်းအရနည်းသဖြင့်ဝင်ငွေနည်းခဲ့သည်။ သို့ရာတွင်နွေ ကြက်သွန်များ လှောင်ထားသဖြင့် ၄င်းတို့ မှန်းထားသည့်ဈေးထက်ပိုရောင်းရ၍ ဝင်ငွေပိုမိုရရှိသလို ကြက်သွန်ပွဲရုံဆင်း အလုပ်သမား အမျိုးသမီး တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၊ ၃၀၀၀ ရရှိပြီး ကုန်တင်ကုန်ချအမျိုးသား တစ်ဦးလျှင် ကုန်ချိန် ပေါ်မူတည်ပြီး ငွေကျပ် ၅၀၀၀၊ ၆၀၀၀နေ့စဉ်ဝင်ငွေ ရရှိသည်ကို သိရသည်။ ဩဂုတ်လအတွင်း ကြက်သွန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ရှိသည်ဟု မလှိုင်မြို့နယ်ရှိပွဲရုံများထံမှ သိရသည်။ **ကျော်ကျော် (မလှိုင်)**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# မိုးမိတ်မြို့၌ သမအသင်းခုနစ်သင်းသို့ အရင်းနှင့် မတည်ငွေပေး

**မိုးမိတ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သမဝါယမဖွံ့ဖြိုးရေးအဖွဲ့ ဖွဲ့စည်းပြီး သမဝါယမအသင်းသစ် ခုနစ်သင်းသို့ ရင်းနှီးမတည်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် သမဝါယမဦးစီးအရာရှိ ဒေါ်လှလှတင့်တို့က အမှာစကားပြောကြားပြီး အသင်းခုနစ်သင်းရှိ အသင်းသား ၂၈၇ ဦးအတွက် မတည်ရင်းနှီးငွေကျပ် ၂၈၇ သိန်းကို မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းအောင်ဌေးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာသမဝါယမအသင်းများသို့ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မြန်မာ-ဂျပန် ကျောင်းသားကျောင်းသူများ ယဉ်ကျေးမှုဖလှယ်

**လက်ပံတန်း စက်တင်ဘာ ၁၅**

လက်ပံတန်းမြို့နယ် အထက(၁) နဝဒေးခန်းမ၌ စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဂျပန်နိုင်ငံ (JUNKO) လူငယ်ချစ်ကြည်ရေးအဖွဲ့မှ Mr.Masahiko Ebashi ဦးဆောင်သော ကျောင်းသားကျောင်းသူများအဖွဲ့ဝင် ၁၉ဦးနှင့် မြန်မာစကားပြန် သုံးဦး လိုက်ပါလျက် တိုင်းဒေသကြီးပညာရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်း၊ အထက(၁) ကျောင်းအုပ်ဆရာကြီးဦးမြင့်အောင်၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူစုစုပေါင်း အင်အား ၁၅၀ ခန့်နှင့်တွေ့ဆုံကာ မြန်မာကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆိုဖျော်ဖြေခြင်း၊ အထက(၁)ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားခြင်း၊ သကြြန်မိုးသီချင်းဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဂျပန်ကျောင်းသား ကျောင်းသူများနှင့် အထက(၁) ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှု ဖလှယ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

**တည်နေရာ** - ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြေဧရိယာ** - ၈ ဒသမ ၅၁၈ ဧက

၂။ အဆိုပါမြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့်အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appertment)နှင့် လူနေတိုက်ခန်းများ(Condo) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenders)နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886 (MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD 1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ ရက်မှစတင်၍ ဝယ်ယူနိုင်ပါသည်။ (သို့မဟုတ်) ကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက် ၁၅:၀၀ နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1,000000)တန်ဖိုးရှိ သက်တမ်းခြောက်လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

**တည်နေရာ** - မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မြေဧရိယာ** - ၃၆ ဒသမ ၅၅၁ ဧက

၂။ အဆိုပါမြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appartment) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenders)နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886 (MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD 1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ ရက်မှစတင်၍ ဝယ်ယူနိုင်ပါသည်။ (သို့မဟုတ်) ကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်းတိတိ)ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက် ၁၅:၀၀ နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း (USD 1,000000)တန်ဖိုးရှိ သက်တမ်း ခြောက်လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန တောင်ကြီးမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ အောက်ဖော်ပြပါ အဆောက်အအုံများဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေးလိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၁) နှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(သူနာပြု)
(အခန်းတစ်ခန်းလျှင် စတုရန်းပေ ၆၀၀၊ အမြင့် ၉ပေ)

(၂) သုံးထပ်အုပ်ချုပ်ရေးဆောင်/စာသင်ဆောင်တည်ဆောက်ခြင်း(သူနာပြု)
(အလျားပေ ၆၀×အနံပေ ၃၀×မျက်နှာကြက်အမြင့် ၃၄ပေ)

(၃) နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(သားဖွား)
(အခန်းတစ်ခန်းလျှင် စတုရန်းပေ ၅၀၀၊ အမြင့် ၉ပေ)

(၄) အုတ်တံတိုင်းပေါ် ဘလိတ်သံဆူးကြိုးကာရံခြင်း (သားဖွား)
(၃၂၆'+၂၉၀'+၂၇၀'+၁၅၀')

(၅) ကွန်ကရစ်ရေစင် (၁၀'×၁၀'×၂၀')နှင့် ဂါလန် ၄၀၀ ဆံ့ စတီးရေတိုင်ကီ သုံးလုံးပြုပြင်တပ်ဆင်ခြင်း (သားဖွားသင်တန်းကျောင်း)

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၃ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆောက်လုပ်မည့်အဆောက်အအုံပုံစံများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၂၇၂၀**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းဆောင်ဖောင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းယီကျောက် ၁၃/ကတန(နိုင်)၀၉၃၁၃၈ဖြစ်ပါကြောင်း။

**ဦးစိုင်းယီကျောက်**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းလာတွီ၏ ဖခင်အမည်မှန်မှာ ဦးအိုက်မုန့် ၁၃/ကတန(နိုင်) ၀၉၅၅၃၉ဖြစ်ပါကြောင်း။

**ဦးအိုက်မုန့်**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းပျဲန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်း ၁၃/ကတန(နိုင်) ၀၄၃၁၁၈ဖြစ်ပါကြောင်း။

**ဦးစိုင်းသန်း**

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ ကတ်တောင်အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းဖတ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်နွံ ၁၃/ကတန(နိုင်) ၀၅၆၉၅၅ ဖြစ်ပါကြောင်း။

**ဦးအိုက်နွံ**

### အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(F)မှ မလီသန်း၏ အမည်မှန်မှာ မလီသန် E-KLG-၀၇၃၅၃၇ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးရေဟန် ၁၃/ကလတ(နိုင်) ၀၁၆၀၃၈ နှင့် ဒေါ်ဝမ်မီးမောင် KLG-၀၆၅၈၇၀ ဖြစ်ပါသည်။

### အမည်ပြောင်းခြင်း

မော်လမြိုင် အထက(၇)တွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်းကျောင်းသူ မဖြူဖြူမာ၏ ဖခင်အမည်မှန်မှာ ဦးဂျင်ဘူ မဟုတ်ပါ။ ဦးမြင့်လွင် ၉/ညဥန(နိုင်) ၁၂၈၇၀၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)မှ မခင်စန်းဦးနှင့် အလက(၂) ဆဋ္ဌမတန်း(င)မှ မောင်ငြိမ်းချမ်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ၁/ဗမန(နိုင်) ၀၂၀၅၇၀ဖြစ်ပါသည်။

**ဦးမြင့်မောင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၈၈၃၀ Lifan LF 175 ZH2 ယာဉ်လက်ဝယ်ရှိသူ Traple 'C' Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မသက်စံဖြိုး ၁၂/အစန(နိုင်)၂၂၄၆၅၄သည် မိခင်၏ပြောဆိုဆုံးမသွန်သင်မှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ကွယ်လွန်သူဖခင် ဦးစံလှဖြိုးနှင့် မိသားစုဆွေမျိုးများ၏ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခဲ့သဖြင့် ယခုကြေညာသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့် ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သိန်းသိန်းရွှေ**
**၁၂/ဗဟန(နိုင်)၀၅၄၁၇၅**
**အမှတ်(၅၇၆ A)၊ နိဗ္ဗိန္ဒလမ်း၊**
**နံ့ကသာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်**

## မှုခင်းသတင်းနှင့်ကြော်ငြာ

# စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၇၀ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် မူဆယ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီက မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ဖြိုးမောက် စားသောက်ဆိုင်တွင် သက်သေများနှင့်အတူစောင့်ဆိုင်းနေစဉ် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲ ရပ်ကွက်(၁၀)နေထုထောင်(၃၆နှစ်)နှင့် တစ်ရပ်ကွက်တည်းနေ ဇော်ဆမ်(၁၈နှစ်)တို့ နှစ်ဦး ရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ထုထောင်ကိုင်ဆောင်ထားသည့် အမည်းရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား



၁၆၇၇၀၊ တန်ဖိုးငွေကျပ် ၃၃၅ ဒသမ၄သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တောထဲ၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများနှင့်သေဆုံး

**ကျွန်းလှ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်တိုင်းကျေးရွာအုပ်စု ကွဲတဲကျေးရွာ တတွင်းလေကြောင်း တောတိုက် အင်လှကျေးရွာအရှေ့ဘက်တစ်မိုင်ခန့် ကားလမ်းဟောင်းနှင့် ပေ ၈၀ အကွာလှည်းလမ်းအနီးတွင် အမျိုးသမီးတစ်ဦးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က သဖန်းဆိပ်နယ်မြေစခန်းမှူး ရဲအုပ်ဝင်းနိုင်သည် စခန်း၌ရှိနေစဉ်အင်လှကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်နီက ကွဲတဲကျေးရွာအနောက်မြောက်ဘက်တောထဲတွင် အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း သတင်းပေးချက်အရ အခင်းဖြစ်ရာသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ပက်လက်အနေအထား ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း တွေ့ရှိရပြီး သေဆုံးသူမှာ ကွဲတဲကျေးရွာနေ မအေးမင်းသူ (၃၁ နှစ်)ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ တရားခံအား အရေးယူဆောင်ရွက်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖောက်ထွင်းခိုးယူသူ နှစ်ဦးအား ဖမ်းဆီးရမိ

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

မြစ်ကြီးနားခရိုင် တနိုင်းမြို့ပေါ် ရပ်ကွက်ကျေးရွာများအတွင်း ဖောက်ထွင်းခိုးယူမှုဖြစ်ပွားနေသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် ပြည်နယ်ရဲမှူး(ဦးစီး) မောင်မောင်ဝင်းအနီးကပ် ကြီးကြပ်၍ မြစ်ကြီးနားခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင် မြသန်းနှင့်တပ်ဖွဲ့ဝင်များက ဖောက်ထွင်းခိုးယူမှုနှင့်ပတ်သက်၍ စက်တင်ဘာ ၁၀ ရက် နံနက် ၃ နာရီက တနိုင်းမြို့ နန်ဗြူရပ်ကွက် အိမ်အမှတ်(၁၄၅)ရှိ အင်ဘတ်ဇော်မိုင်၏ နေအိမ်သို့ ရောင်တခင်ဝင်ရောက်ရှာဖွေရာ ခိုးရာငွေစက္ကူငွေ ကျပ်၃၃၅၀၀၀၊ ခိုးရာပါငွေဖြင့် ဝယ်ထားသော ရွှေနားကပ်သုံးရန်၊ ရွှေလက်စွပ်နှစ်ကွင်း၊ GSM တယ်လီဖုန်းတစ်လုံး၊ အင်ဘတ်ဇော်မိုင်၏ ထွက်ဆိုချက်အရ အတူပါဝင်သူ တစ်ရပ်ကွက်ထဲနေ အင်ဘားဇော်ဖန်းအား ထပ်မံဖမ်းဆီးရမိပြီး ၎င်းထံမှ ခိုးရာပါငွေကျပ် ၁၃၉၀၀၀၀၊ ခိုးရာပါငွေဖြင့် ဝယ်ယူထားသော ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ GSMနှင့် CDMA နှစ်ကတ်ပါ တယ်လီဖုန်းတစ်လုံး ထပ်မံဖမ်းဆည်းရမိပြီး ရွှေငွေပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၄၀၄၂၀၀၀ ခန့်ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့နှစ်ဦးအား စစ်ဆေးရာ ယခုဖမ်းဆီးရမိသည့်သက်သေခံပစ္စည်းများမှာ စက်တင်ဘာ ၁ ရက် နံနက် ၁၁နာရီခွဲက တနိုင်းမြို့ လမုန်ကျေးရွာ ဒေါ်ဂျေညီ၏နေအိမ်အပေါ်ထပ်အခန်းတွင်းရှိ သံသေတ္တာအတွင်းမှ ငွေကျပ် ၄၉၉၀၀၀၀ ကို သေတ္တာသော့ ရိုက်ဖျက်၍ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တနိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# ဆေးပြားထုတ်စက်များနှင့် မူးယစ်ဆေးမျိုးစုံဖမ်းမိ

**တာချီလိတ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု မလိပါကော်(အထက်)ရွာရှိ အားန(ခ)စောန၏ နေအိမ်ကို စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မူးယစ်(အထူး) အဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃ ပြား၊ ဘိန်းဖြူ ၆ ဒသမ ၃၈ဂရမ်၊ ဘိန်းစိမ်း ၂၇၀ ဂရမ်နှင့်စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရာတွင်အသုံးပြုသောဆက်စပ်ပစ္စည်းများ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမှုမှ ဖမ်းဆီးရမိသူ အားန(ခ)စောနကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပိုးကြိုးပစ်ခံရ၍ သားအမိနှစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွရွာတွင် လူနှစ်ဦးမိုးကြိုးပစ်ခံရပြီး သေဆုံးကြောင်း သတင်းအရ ကျောက်ပန်းတောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ သေဆုံးသူများမှာ ၎င်းရွာနေ ဒေါ်ဝင်းမေ(ခ)ဒေါ်စိုး(၅၄နှစ်)နှင့် သားဖြစ်သူ ကျော်ဌေး(၃၇ နှစ်)တို့ ဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် သေဆုံးသူများအား ကျောက်ပန်းတောင်း ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

စုံစမ်းစစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် ဘင်ဂွရွာအရှေ့မြောက်ဘက်ရှိ ယာခင်းတွင် နွားလှည်းပေါ်သို့ နွားစာများတင်နေစဉ် မိုးကြိုးပစ်ခံရပြီး သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။

**ရဲပြန်ကြား**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လေယာဉ်ကွင်း အထူးအဖွဲ့(၅)၊ လမ်းအထူးအဖွဲ့(၃)၊ လမ်းအထူးအဖွဲ့(၅)၊ လမ်းအထူးအဖွဲ့(၇)နှင့် သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | မြေနီကျောက်စရစ် | ၂၃၁၆၀ ကျင်း |
| (၂) | ၆"-၉" ကျောက် | ၆၃၂ ကျင်း |
| (၃) | ၂"-၄" ကျောက် | ၁၂၂၄ ကျင်း |
| (၄) | ၃" အောက်ကျောက် | ၄၃၃၁ ကျင်း |
| (၅) | ၁"-၂" ကျောက် | ၄၂၁၄ ကျင်း |
| (၆) | ၁/၂"-၃/၄" ကျောက် | ၁၀၅၄ ကျင်း |
| (၇) | ၁/၄"-၃/၈" ကျောက် | ၄၂၄ ကျင်း |
| (၈) | မြစ်ကျောက်စရစ် | ၂၅၀ ကျင်း |
| (၉) | ချောင်းကျောက်စရစ် | ၃၃၀ ကျင်း |
| (၁၀) | မြစ်သဲ | ၂၂၀ ကျင်း |
| (၁၁) | ချောင်းသဲ | ၂၇၉ ကျင်း |
| (၁၂) | တောသစ်ခွဲသား(ထူ) | ၈၅ တန် |
| (၁၃) | တောသစ်ခွဲသား(ပျဉ်) | ၁၅ တန် |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၃ ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၂၅-၉-၂၀၁၃ ရက် ၁၆း၃၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၁-၁၀-၂၀၁၃ ရက်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁၉-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(အိတ်ဖွင့်တင်ဒါလျှောက်လွှာများနှင့် ပုံစံများအား ဖွင့်ပွဲအခမ်းအနား ကျင်းပချိန်တွင် အများရှေ့မှောက်၌ တင်သွင်းပါရန်)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၈-၂၁၀၂၃၊ ၂၁၀၈၉**

## မွေးနေ့ဆုမွန်
### သမီးလေး-လရောင်သွေး(အထက-၉၊ မော်လမြိုင်)

၁၆-၉-၂၀၁၃ ရက်တွင်ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်သည့် သမီးကောင်းရတနာလေး ဖြစ်ပါစေ-

**ချစ်ဖေဖေ** - **ဒေါက်တာတိုးတိုးအောင်(စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့)**
**ချစ်မေမေ** - **ဒေါ်ခင်လေးသိင်္ဂီ**
**ချစ်မမ** - **လှယဉ်ကျေး(အထက-၉၊ မော်လမြိုင်)**

## မိခင်အမည်မှန်

လားရှိုးမြို့၊ အလက(၃)၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မိုးမိုးအေး၏ မိခင်အမည်မှန်မှာ ဒေါ်ရှောက်ယုံ ၁၃/လရန(နိုင်) ၀၅၇၀၀၃ ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အလက(၃)၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်စန်းအောင်၏ မိဘအမည်မှန်မှာ ဦးအောင်သန်းနှင့် ဒေါ်စန်းတင့် ဖြစ်ပါသည်။

## မွေးနေ့ဆုတောင်း

ပုသိမ်မြို့၊ ကမ်းနားလမ်း၊ ထုံးဘိုရပ်ကွက်နေ ဟာဂျီဦးခင်ဝင်း၏ ၁၆-၉-၂၀၁၃ရက်တွင် ကျရောက်သော အသက်(၆၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့် သာယာပျော်ရွှင်ချမ်းမြေ့စွာ ဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း။

**ချစ်ဇနီး** - **ဒေါ်စိန်ပိုင်း(ခ)ဒေါ်စိန်စိန်ဝင်း**
**သားကြီး** - **ဟာဂျီ ဒေါက်တာ သက်လွင်ဖြိုး-**
**ဟာဂျီမ မအေးဝင်းမော်(ဝင်းရွှေဝါကုမ္ပဏီ-ပုသိမ်)**
**သားလတ်** - **ကိုနေလင်း-မမို့မို့(စိန်ဝင်းဇရာရေယာဉ်)**
**သမီး** - **မဟေဇာဝင်း Second Year (English)**
**ချစ်မြေးလေး-** **မောင်နိုင်းဝေယံဖြိုး**

## သီဟ-၇၆ ဗိုလ်သင်တန်းဆင်း သူငယ်ချင်းများသို့

ဗိုလ်သင်တန်းဆင်း(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးတွင် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | |
|---|---|
| **ဗိုလ်မှူးစိုးနိုင်(ငြိမ်း)(နေပြည်တော်)** | **ဖုန်း-၀၉-၅၁၀၆၂၇၅** |
| **ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)(နေပြည်တော်)** | **ဖုန်း-၀၉-၄၉၆၆၄၁၁၀** |
| **ဗိုလ်ကြီးတင်ဌေး(ငြိမ်း)(နေပြည်တော်)** | **ဖုန်း-၀၉-၈၃၀၆၀၇၇** |
| **ဗိုလ်မှူးမျိုးဝင်း(ငြိမ်း) (ရန်ကုန်)** | **ဖုန်း-၀၉-၈၆၁၆၅၅၇** |
| **ဗိုလ်ကြီးအေးမြင့်(ငြိမ်း)(ရန်ကုန်)** | **ဖုန်း-၀၉-၄၃၀၃၁၇၅၅** |
| **ဗိုလ်ကြီးတင်ဝင်း (ငြိမ်း)(ဒလ)** | **ဖုန်း-၀၉-၅၁၈၄၁၁၃** |
| **ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)(မန္တလေး)** | **ဖုန်း-၀၉-၉၁၀၁၃၃၀၅** |

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မောင်နေမြင့်အောင်နှင့် မမိုးမိုးအေးတို့၏ ဖခင်အမည်မှန်မှာ ဦးအိုက်ခန့်(ခ)ဦးမောင်ထွေး ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း($A_7$)မှ မောင်ရန်ဟွ၏ မိဘအမည်မှန်မှာ ဦးထွန်းမြင့်ဦး ၁/မမန(နိုင်)၀၁၇၂၂၄၊ ဒေါ်တင်တင်စိန် ၁/မကန(နိုင်) ၀၀၁၅၄၃ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးထွန်းမြင့်ဦး၏သား မြစ်ကြီးနားမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း($A_7$)မှ မောင်ရန်ဟွအား မောင်ရန်နိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရန်နိုင်လင်း**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်) တက္ကသိုလ်ဝင်တန်း(B)မှ မလုတ်လွေ၏မိခင်အမည်မှန်မှာ ဒေါ်လဖိုင်ကော့(ခ) ဒေါ်မာရီယာ ဖြစ်ပါသည်။

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်) တက္ကသိုလ်ဝင်တန်းမှ မလယ်မီး၏မိခင်အမည်မှန်မှာ ဒေါ်တောမီတား ဖြစ်ပါသည်။

## မိခင်အမည်မှန်

ဦးတူးလွမ်၏သမီး ဝိုင်းမော်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း($C_1$)မှ မဂျာနူးပန်၏မိခင်အမည်မှန်မှာ ဒေါ်ရွယ်ဖန် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၃၈၅/က ဟုခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက် ၉၊ မြေကွက်အမှတ် ၃၈၅(က)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက နှစ် ၆၀ ဂရန်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးဝင်းနိုင်ဦး ၁၂/ဥကတ(နိုင်)၀၃၀၀၄၈ နှင့် ဒေါ်စန်းစန်းဦး ၁၂/ဥကတ(နိုင်)၀၂၄၁၂၂ တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)** |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၂၉၅၃၊ MITSUBISHI FUSO 4165 DUMP TRUCK (6x4)R ယာဉ်လက်ဝယ်ရှိသူ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၈၃၊ ခုနစ်လွှာ(ခြေရင်းခန်း)၊ ဧရိယာခန့်မှန်းခြေ (၁၅ပေ×၅၅ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးဟန်ဝင်းအောင် ၁၂/သဃက(နိုင်)၁၆၂၃၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၁၁-၉-၂၀၁၃ရက်တွင် စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်**
**အထက်တန်းရှေ့နေ (စဉ်-၃၃၉၁၇)**
**အမှတ် ၇၁၀၊ ၂၅ လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၆၂၂၃၂၇၊ ၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး လှိုင်သာယာ မိုးကုတ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဝါဆိုသင်္ကန်းနှင့် သင်ထောက်ကူပစ္စည်းများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၃) ရပ်ကွက် နဝဒေးလမ်းရှိ မိုးကုတ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌စက်တင်ဘာ၁၀ရက် နံနက် ၁၀နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး၊တိုင်းဒေသကြီးအမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့်အစိုးရအဖွဲ့ဝန်ကြီးများ၏ ဇနီးများက ဝါဆိုသင်္ကန်းနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ခဲ့ပြီး မိုးကုတ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာလာထံမှ ငါးပါးသီလခံယူ၍ ဆရာတော်များအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဆရာ ဆရာမများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပညာသင်ကြားနေသော သာမဏေ ၁၂ ပါးနှင့်အတူ ကျောင်းသား ကျောင်းသူ ၂၀၃ဦး အတွက် ကျောပိုးအိတ်၊ ထီး၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# သီရိမြိုင်ဘူတာအနီး ရန်ကုန်-ပြည် အဆန်ရထားသံလမ်းဘေးတွင် လူတစ်ဦး ရထားကြိတ်ခံရ

**ရန်ကုန် စက်တင်ဘာ ၁၅**

စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲ ပိတောက်ချောင်းနယ်မြေရဲစခန်းမှတာဝန်မှူးဒုရဲအုပ်ညွန့်ဝင်း တာဝန်ဆောင်ရွက်နေစဉ် လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက် သီရိမြိုင်ဘူတာအနီး မိုင်တိုင်အမှတ်(၆/၁၆)နှင့် (၆/၁၇)အကြား ရန်ကုန်-ပြည် အဆန်ရထားသံလမ်းဘေးတွင်လူတစ်ဦးရထားကြိတ်ခံရကြောင်း သတင်းအရသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မျိုးဇော်(၂၈နှစ်) (စုံစမ်းဆဲ) ဖြစ်ကြောင်း သိရပြီး နံနက် ၂ နာရီ ၅၇ မိနစ်တွင် ကြည့်မြင်တိုင်ဘူတာဘက်မှ အင်းစိန်ဘူတာဘက်သို့ မောင်းနှင်လာသော ဆီတွဲမီးရထားစက်ခေါင်း အမှတ် GD 934 စက်ခေါင်းမောင်း ဦးသန်းထွေး(စိစစ်ဆဲ) မောင်းနှင်လာသော မီးရထားမှာ သီရိမြိုင်ဘူတာအနီး မိုင်တိုင်အမှတ်(၆/၁၆)နှင့် (၆/၁၇)ကြားအရောက် လမ်းဖြတ်ကူးသူ မျိုးဇော်ကိုရထားနှင့်တိုက်မိသဖြင့်၄င်းတွင်နဖူးထိပ်ပေါက်ပြဲဒဏ်ရာ၊ယာခြေကျင်းဝတ်ပြတ်၊ဝဲဒူးဆစ်ပြတ်ဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ကုသစဉ် နံနက် ၅ နာရီခွဲတွင် သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ်စစ်ဆေးနိုင်ရန်ဒုရဲအုပ်ညွန့်ဝင်း တရားလိုပြုလုပ်တိုင်တန်းမှုကိုပိတောက်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်ပြီးစစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**စိုးဝင်း(SP)**



# သန်းခေါင်စာရင်းကောက်ယူရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် တိုင်းရင်းဆေး အခမဲ့ကုသပေးရေးဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၁၅**

မကွေးခရိုင် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာသို့သွားရောက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာရှိ ဘုတ်ချောင်းရေစင်စာကြည့်တိုက်၌ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနှင့် တိုင်းရင်းဆေးဝါးများ အခမဲ့ကုသပေးခြင်းများနှင့် ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယုယုသိန်းက ကျေးရွာတွင်း လူကြီး လူငယ်များအတွက် စာဖတ်ခြင်း၏ အကျိုးတရားရရှိပုံနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ တိုင်းရင်းဆေးဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းနိုင်က အခမဲ့ကုသပေးခြင်းနှင့်ဟောပြောခြင်းများ ကျင်းပပေးလျက်ရှိရာ ကျေးရွာရှိ ပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

**မူဆယ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စက်တင်ဘာ ၉ ရက် နံနက် ၉နာရီက ဌာနတွင်း လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းကိုဖွင့်လှစ်ရာ ခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှဝန်ထမ်းများကို ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်မှု၊ပြည်သူ့ဗဟိုပြုပြည်သူ့ဆက်ဆံရေး ကျွမ်းကျင်စွာဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးတူးက ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က စာကြည့်တိုက်ပညာရပ်များကိုလည်းကောင်းပို့ချသည်။

အဆိုပါသင်တန်းကိုစက်တင်ဘာ ၂ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီးမူဆယ်ခရိုင်အတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲများမှ သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**အယ်လ်စိုး (Iprd)**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ခ/တောင်ရပ်ကွက်၊ အေးနှင်းဆီလမ်းနေ ဒေါ်အေးအေး ၁၄/အငပ(နိုင်)၀၀၅၄၈၈အား ဒေါ်အေးအေးသော်ဟု ပြောင်းလဲခေါ်ပါရန်။

**ဒေါ်အေးအေးသော်**

## ဖခင်အမည်မှန်

အထက ပုတီးကုန်း တက္ကသိုလ်ဝင်တန်းမှ မဝင်းဝင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် ၇/သကန(နိုင်) ၀၉၉၃၆၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးထွန်းရှ၏သား မောင်စိုးစိုး၉/ပဘန(နိုင်)၁၁၁၄၆၀နှင့် ကိုအောင်ကြည်စိုးတို့သည် တစ်ဦးတည်းဖြစ်ပါသည်။

**မောင်စိုးစိုး(ခ)မောင်အောင်ကြည်စိုး**

## ဖခင် အမည်မှန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အလက(၄)Grade(9)မှ မောင်ဇင်ကိုဦး၏ ဖခင် အမည်မှန်မှာ ဦးမြသန်းထွန်း(ခ)ဦးဇော်ဦး ဖြစ်ပါကြောင်း။

**ဦးမြသန်းထွန်း(ခ)ဦးဇော်ဦး ၁၂/တကန(နိုင်)၀၇၆၃၁၉**

## စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သမ္မန်စာ
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၃ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ်-၆၂

ဒေါ်မြင့် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မာကြည်) **နှင့်**

၁။ ဒုတိယခရိုင်တရားသူကြီး(၈) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ရန်ကုန်တိုင်းဒေသကြီး။
၂။ တွဲဖက်မြို့နယ်တရားသူကြီး ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ရန်ကုန်တိုင်းဒေသကြီး။
၃။ ဦးမြင့်ဇော် အမှတ် ၇၉၊၅လမ်း၊ သရက်တော(တောင်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄။ ဒေါ်ခင်ခင်စိုး ၂၁၃/ဘီ၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
၅။ ဒေါ်မြင့်မြင့်စိုး ၂၁/ရတနာမွန် ၂လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၆။ ဒေါ်မြင့်မြင့်သန်း(ခ)သန်းသန်းမြင့် ၂၁၃/ဘီ၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
၇။ ဧရာလွင် ၇၉/ဘီ၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၈။ မအေးမြဒါလီ
၉။ မောင်ဇော်လင်းထက် (မောင်နမ)၊ ၂၁၃/ဘီ၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

အထက်ပါ လျှောက်ထားမှုမှ လျှောက်ထားခံရသူ (၄)ဒေါ်ခင်ခင်စိုး၊ (၅)ဒေါ်မြင့်မြင့်စိုး၊ (၆)ဒေါ်မြင့်မြင့်သန်း(ခ)သန်းသန်းမြင့်၊ (၇)ဧရာလွင်၊ (၈)မအေးမြဒါလီ၊ (၉)မောင်ဇော်လင်းထက် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေ ဦးစိုးတင့်ရည် တင်သွင်းသည့်လျှောက်လွှာအားကြားနာပြီးနောက် ပူးတွဲပါမိတ္တူများနှင့်တကွ ကျမ်းကျိန်လွှာများကို ဖတ်ရှုရ၍ လျှောက်ထားခံရသူများက ပြေလည်အောင် အကြောင်းမပြနိုင်ပါက အတည်ဖြစ်မည့်ဆုံးဖြတ်ချက်ကို ထုတ်ပေးသင့်သည်ဟု ယူဆသောကြောင့် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၁တွင် ဦးမြင့်ဇော်က ဒေါ်မြင့်ပါ-၇ဦးအပေါ် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃အရ လေလံဆွဲဝယ်ယူထားသောအိမ်နှင့်မြေအား လက်ရှိလက်ရောက်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုရာ တရားပြိုင်ပြသက်သေများ စစ်ဆေးစဉ် ၅-၁၁-၉၇ရက်စွဲပါ မြေနှင့်ဂိုဒေါင် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကိုသက်သေခံအဖြစ် တင်သွင်းရာ ပယ်ကြောင်းအမိန့်ချမှတ်သည်။ ယင်းအမိန့်ကို (၁)တရားပြိုင် ဒေါ်မြင့်က မကျေနပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားမပြင်ဆင်မှုအမှတ် ၆၃/၂၀၁၂ဖြင့် လျှောက်ထားရာ ပလပ်လိုက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆(က) (၅)အရ အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလာသည်။ ယင်းလျှောက်လွှာအပေါ် ပြန်ကြားအစီရင်ခံစာနှင့်အတူ ပြန်လှန်ကျမ်းကျိန်လွှာများ တင်သွင်းရန်နှင့် လျှောက်ထားသူ ဒေါ်မြင့် ကွယ်လွန်ခြင်းအတွက် ၄င်း၏သားသမီးများဖြစ်သော ဒေါ်ခင်သက်မာ ပါ-၁၁ဦးတို့က တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းပေးပါရန် လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာနသို့ ၂၀၁၃ခုနှစ် စက်တင်ဘာ၂၇ရက် နံနက်၁၀း၀၀နာရီတွင် လာရောက်ရန် အကြောင်းကြားပါသည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၄ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၏ အသိအမှတ်ပြုချက်အရ ၂၀၁၃ခုနှစ် စက်တင်ဘာ ၆ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တံဆိပ်ခတ်နှိပ်ထုတ်ပေးလိုက်သည်။

**အမိန့်အရ- (မြမြ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇

ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း) **နှင့်** ဦးကျော်မြင့်လွင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တရားရှုံး ဦးကျော်မြင့်လွင်၊ အကွက်အမှတ် ၁၆၁၉၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော ်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၀

ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း) **နှင့်** ဦးစိုးကြည်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တရားရှုံး ဦးစိုးကြည်၊ အကွက်အမှတ် ၁၆၂၁၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၈

ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း) **နှင့်** ဦးကြိုင်ဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တရားရှုံး ဦးကြိုင်ဝင်း၊ အကွက်အမှတ် ၁၆၁၀၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက်(၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၁

ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း) **နှင့်** ဦးသေးဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တရားရှုံး ဦးသေးဝင်း၊ အကွက်အမှတ် ၁၆၁၃၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၉၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးမြတ် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးဇော်မင်းထွန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၅ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁**

ဒေါ်ခင်မိမိစိုး **နှင့်** ၁။ အမ်ဂျေမေရီ
၂။ မစ္စတာမိုဟန်
၃။ ဦးအောင်မြ(ခ)ဦးမြကြီး

**တရားလို** **တရားပြိုင်များ**

အမှတ် ၁၈၊ အောင်မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ)နေ (၁)တရားပြိုင် အမ်ဂျေမေရီ သိစေရမည်။

တရားလိုက (၂-၂-၂၀၁၂)ရက်စွဲပါ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကို လက်ခံ၍ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးပြီး လက်ရောက်ပေးအပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်လှမြင့်)**
**ဒုတိယခရိုင်တရားကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၉၆**

သမဝါယမဘဏ် **နှင့်** ဒေါ်စမ်းစမ်းဝင်း
(၎င်း၏လက်ထောက်အထွေထွေ
မန်နေဂျာ ဒေါ်ဘေဘီခင်မြသန်း)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၉၀/၂၀၁၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၇ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ် ၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ်(၂၆၆)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သီဂီလမ်း၊ အမှတ် ၂၆၆ဟုခေါ်တွင်သော(RC)နှစ်ထပ်အဆောက်အအုံ။

**ကြမ်းခင်းဈေးကျပ်သိန်း-၈၀၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
